မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၁၁ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၂၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၃၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ကျေးရွာ၌

မယ်ပော်ချောင်းဖြတ်ကူးတံတား တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

မယ်ပော်ချောင်းဖြတ်ကူးတံတား

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ရှိ မယ်ပော်ချောင်းဖြတ်ကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၂

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် မေ ၂၀ရက်တွင် နေပြည်တော်ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ရှိ အောင်နန်းချိုတိုက်နယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်နေမှုလုပ်ငန်းခွင်နှင့် မယ်ပော်ချောင်းဖြတ်ကူးတံတား တည်ဆောက်နေသော လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ခုတင် (၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ (မကွေး)

ရန်ကုန် မေ ၂၂

ကျန်းမာခြင်းသည်လာဘ်တစ်ပါး ဟူသော ဆိုရိုးစကားနှင့်အညီ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော ဦးတည်ချက်ကို ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

သတင်းမှတ်စု
တင်မာဝင်းနှင့်
မြကေခိုင်စိုး

ဓာတ်ပုံမှတ်တမ်း
အောင်သန်း
(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
လှိုင်လှိုင်သင်း

23-5 (01).pmd 1 5/23/2010, 1:58 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၂၃ ရက်)

သဘာဝဘေး ကြိုတင်ကာကွယ်ရေး အလေးထားလိုက်နာ

သဘာဝဘေးအန္တရာယ်ဆိုရာ၌ မုန်တိုင်းတိုက်ခတ်ပြီး ရေကြီး၊ ရေမြုပ်မှုမျိုးအပြင် မိုးခေါင်မှု၊ သောက်သုံးရေရှားပါးမှုစသည့် ဘေးအန္တရာယ် အမျိုးမျိုးလည်းပါဝင်လေရာ မည်သည့်သဘာဝဘေးအန္တရာယ်မျိုးပင်ဖြစ်စေ ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင် စီမံထား ကြရမည် ဖြစ်သည်။

ကမ္ဘာတစ်ဝန်း ရာသီဥတုဖြစ်စဉ်များသည် ဖြစ်စဉ်ဖောက်ပြန်လျက်ရှိရာမှာ မြန်မာနိုင်ငံ၏ရာသီဥတုအပေါ် အနည်းနှင့်အများ သက်ရောက်မှု ရှိခဲ့သည်။ ယခုအချိန်ကာလ၌ အပူလွန်ကဲမှုများ ဒေသအနှံ့ကျရောက်လျက်ရှိရာ ပူပြင်းပြီး မိုးကြိုကာလဖြစ်သည်နှင့်အညီ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ဖြစ်ပေါ်လေ့ရှိသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်သည်။

မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များမဖြစ်ပေါ်စေရန် တိုင်းရင်းသားပြည်သူများသည် ကြိုတင် ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို အစဉ်သတိပြု လိုက်နာကြရမည်ဖြစ်သည်။ ကောလာဟလသတင်းများကို မယုံကြည်ဘဲ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် ထုတ်လွှင့်ဖော်ပြသော မုန်တိုင်းသတင်းနှင့် မုန်တိုင်းသတိပေးချက်များကို ဂရုပြုကြည့်ရှု၊ နားဆင်၊ ဖတ်ရှုကြရမည်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက ''မုန်တိုင်းသတင်း''အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက ''မုန်တိုင်းသတိပေးချက်''အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိသဖြင့် သတင်းထုတ်ပြန်ချက်များကို ဂရုတစိုက်နားထောင်ရန် အရေးကြီးသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ သဘာဝဘေးအန္တရာယ် မကျရောက်စေရေးအတွက် ကျန်းမာရေး၊ လူမှုရေးနှင့်စပ်လျဉ်းပြီး ကြိုတင်သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပေးလျက်ရှိရာ အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်များ၊ မုန်တိုင်းအန္တရာယ် ကြိုတင် ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို အလေးထားလိုက်နာကျင့်ကြံသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်ပတ်ဝန်းကျင်ရှိ အရေးကြီးဆည် လေးခု ရေဝေရေလဲဒေသ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၂

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ နေပြည်တော်ပတ်ဝန်းကျင်ရှိ အရေးကြီးဆည်လေးခု၏ ရေဝေရေလဲ ဒေသ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၉ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ သစ်တောရေးရာ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် သစ်တောတက္ကသိုလ်တို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် စည်ပင် သာယာရေးကော်မတီနှင့် အထူးစီမံကိန်း များ အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီတို့မှ အတွင်းရေးမှူးများ၊ နီးနွယ် နေသော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် များ၊ နေပြည်တော်ခရိုင် အတွင်းရေးမှူးနှင့် နေပြည်တော်ရှိ မြို့နယ်များမှ မြို့နယ် ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသောပုဂ္ဂိုလ် များ တက်ရောက်ကြသည်။

ရှေးဦးစွာ သစ်တောရေးရာဝန်ကြီး ဌာန ဝန်ကြီး ဦးသိန်းအောင်က အမှာစကား ပြောကြားသည်။

ဆွေးနွေးညှိနှိုင်း

ထို့နောက် သစ်တောဦးစီးဌာန ဦးစီး ရုံးချုပ် ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာန ညွှန်ကြားရေးမှူး ဦးငွေဆင့်က နေပြည် တော် ခရိုင်ပတ်ဝန်းကျင်ရှိ အရေးကြီးဆည် လေးခု၏ ရေဝေရေလဲဒေသများ ထိန်းသိမ်း ရေးဆိုင်ရာ သစ်တောလုပ်ငန်းများ ဆောင် ရွက်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြ ပြီး တက်ရောက်လာကြသူများက ချောင်းမ ကြီးဆည်၊ ရေဆင်းဆည်၊ ရန်အောင်မြင် ဆည်နှင့်ငလိုက်ဆည်များ၏ ရေဝေရေလဲ ဒေသများ ရေရှည်တည်တံ့ရန် ထိန်းသိမ်း ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း ကြသည်။

ရုပ်သိမ်း

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ် အမှာ စကားပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်း အဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် နေပြည်တော် ပတ်ဝန်း ကျင်ရှိ အရေးကြီးဆည်လေးခု၏ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရေကန်တူးဖော်

မေ ၁၉ရက်က ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့်နှင့်အဖွဲ့ဝင်များ ကြို့ပင်ကောက် မြို့ စက်တိုင်ကျေးရပ်ကွက် မြောက် မြို့ပတ်လမ်းရှိ ရာသီဥတုပူပြင်းမှု ကြောင့် ရေခန်းခြောက်သွားခဲ့သော အများပြည်သူသုံးစွဲသည့် သောက်သုံး ရေကန်အား စက်ယန္တရားဖြင့် ပြန်လည်တူးဖော်နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (၁၈၀)

iR- 2500 Series နှင့် iR ADVANCE ဘက်စုံသုံး မိတ္တူကူးစက်မော်ဒယ်အသစ်များ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မေ ၂၂

Accel International Co., Ltd. နှင့် Canon Singapore Pte Ltd. တို့က ကြီးမှူးပြီး Accel International Co., Ltd.မှ တင်သွင်းသော iR- 2500 Series နှင့် iR ADVANCE ဘက်စုံသုံး မိတ္တူကူးစက် မော်ဒယ်အသစ်များ မိတ်ဆက်ရှင်းလင်း ပွဲနှင့် သရုပ်ပြပွဲကို မေ ၁၉ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ရှေးဦးစွာ Canon Singapore Pte Ltd. မှ Assistant Director, Mr. Hideki Yamamoto က အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ကုမ္ပဏီမှ ဝန်ထမ်းများက Business can be simple ခေါင်းစဉ်ဖြင့် Role Play ကို သရုပ်ပြကြပြီး Canon Singapore Pte Ltd.မှ Mr. Raymond Tan က မိတ်ဆက် ရောင်းချပေးမည့် iR-2500 Series နှင့် iR-ADVANCE ဘက်စုံသုံး မိတ္တူကူးစက် အသစ်များအကြောင်းကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် မိတ်ဆက်ပေးသည့် iR-2500 Series နှင့် iR ADVANCE အတွက် Day Special Offer များနှင့် Week's Consumables Special Offer များကို ကြော်ငြာပေးပြီး ဧည့်သည်များအား ကံစမ်းမဲလက်ဆောင်များကို ပေးအပ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

Accel International Co.,Ltd. က တင်သွင်းသော Canon Multi Function Copier / Printer မော်ဒယ်အသစ်များကို အမှတ် ၄၂၂-၄၂၆ ဆဋ္ဌမထပ် သစ်တောဖက်စပ် ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ ဗိုလ်တထောင်ဘုရားလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၀၂၀၉၂-၂၀၂၀၉၆ တို့သို့ စုံစမ်း၍ ဆက်သွယ်ဝယ်ယူနိုင်သည်။

Canon အရောင်းပြခန်းများကို ရန်ကုန်မြို့တွင် အမှတ်(၇-၈) အောင်ဆန်းအားကစားပြိုင်ဝင်း တောင်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၄၃၀၃၆၊ ၂၄၃၀၃၈၊ မန္တလေးမြို့တွင် အမှတ်(၄၅) SY အဆောက်အအုံ (၇၈) လမ်း ဘူတာကြီးနှင့် မျက်နှာချင်းဆိုင် ဖုန်း- ၀၂-၃၆၀၁၄၊ ၃၉၈၁၆၊ ၃၉၈၅၇ နှင့် နေပြည်တော် ပျဉ်းမနားတွင် အမှတ် (၁၁၈၈) ရာဇဌာနီလမ်းမကြီး ပေါင်းလောင်း (၃)ရပ်ကွက် ဖုန်း-၀၆၇-၂၄၃၃၉၊ ၀၆၇-၂၂၄၃၂တို့၌ ဖွင့်လှစ်ထားရှိရာ လာရောက်ကြည့်ရှု လေ့လာဝယ်ယူနိုင် ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **သာစုသုတ္တန်** တရားတော် (ဆရာတော်ဘဒ္ဒန္တဝိလာသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် [ရေနံချောင်း ဒေသကောလိပ် (၁၉၇၇-၁၉၈၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမ အကြိမ်မြောက် အာစရိယပူဇော်ပွဲ နှင့် မိတ်ဆုံစားပွဲ]
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၉)
၈:၃၀ Sports World (Sunday Special)
၈:၅၅ ချင်းတောင်မှ သာသနာ့အမွေခံ
၉:၂၀ ပြုံးပျော်ဆင်နွဲ…ဂါရဝပွဲ (၁၉၇၃-၁၉၈၇ စစ်တွေကောလိပ် အာစရိယပူဇော်ပွဲ)
၉:၄၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀:၂၅ မေတ္တာတရားနဲ့ အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
၁၀:၄၀ ရန်ကုန်မြင်ကွင်းကျယ် (Healthy Shop Pairs) ၏ (၃)နှစ်ပြည့်နှင့် (Health Plus) (၁)နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနား
၁၁:၀၀ မြို့ပြမြစ်ဘေးက…သူ
၁၁:၁၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (Evolta Music Concert)
၁၁:၄၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (လေးဒေါင့်ကန် ငါးလုပ်ငန်းစခန်း)
၁၁:၅၀ ဗီဒီယိုပြခန်း
၁၂:၁၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၁၇) [ရုပ်ရှင်တေးအတွဲ (၂)]
၁၂:၄၅ **ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၁:၀၀ **သာစုသုတ္တန်** တရားတော် (ဆရာတော် ဘဒ္ဒန္တဝိလာသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (အိမ်ငှားနေတာ ကောင်းတယ်၊ အိမ်ငှားမနေတာ ကောင်းတယ်)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၉)
၄:၁၅ မြို့တော်ရဲ့ လိုအပ်ချက်
၄:၂၀ မေတ္တာတရားနဲ့ အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
၄:၄၀ ပြုံးပျော်ဆင်နွဲ…ဂါရဝပွဲ (၁၉၇၃-၁၉၈၇ စစ်တွေကောလိပ် အာစရိယပူဇော်ပွဲ)
၅:၀၀ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး(အပိုင်း-၁) (ပါမောက္ခ ဒေါက်တာ ချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Milestones of Contemporary Music Selection
၆:၄၀ ရန်ကုန်မြင်ကွင်းကျယ် [ရေနံချောင်း ဒေသကောလိပ် (၁၉၇၇-၁၉၈၂)ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ နှင့် မိတ်ဆုံစားပွဲ]
၇:၁၀ ဗီဒီယိုပြခန်း
၇:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Healthy Shop Pairs) ၏ (၃)နှစ်ပြည့်နှင့် (Health Plus) (၁)နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနား
၇:၂၅ FMF Selection
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (အိမ်ငှားနေတာ ကောင်းတယ်၊ အိမ်ငှားမနေတာ ကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၉)
၁၀:၀၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၁၇) [ရုပ်ရှင်တေးတွဲ(၂)]
၁၀:၃၀ ချင်းတောင်မှ သာသနာ့အမွေခံ
၁၀:၅၅ Milestones of Contemporary Music Selection
၁၁:၁၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (လေးဒေါင့်ကန် ငါးလုပ်ငန်းစခန်း)
၁၁:၃၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (Evolta Music Concert)
၁၁:၅၀ ကမ္ဘာ့စုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနှစ် ၂၀၁၀ခုနှစ် အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၂

သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနှစ် (International Year of Biodiversity- IYB) 2010 အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Shin Imai၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် ဆက်စပ်ဝန်ကြီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ်က ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း အမှုဆောင်အတွင်းရေးမှူး Dr. Ahmed Djojhlaf ၏ သဝဏ်လွှာကို ဖတ်ကြားပြီး ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် The time to act is now အမည်ရှိ ရုပ်မြင်သံကြား အစီအစဉ်ကို ပြသကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ကျင်းပ

အခမ်းအနားအပြီးတွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန သဘာဝဝန်းကျင်နှင့် သားငှက် တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနလက်ထောက်(၂) ဒေါက်တာ ရဲထွန်းထွန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဖေနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောတက္ကသိုလ်မှ ကထိက ဒေါက်တာဆန်းဦးတို့က ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ စာတမ်းများကို ဖတ်ကြားဆွေးနွေးတင်ပြကြပြီး မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသာဌေး ရှမ်းပြည်နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ၊ ကျိုင်းတုံခရိုင်ကော်မရှင် အဖွဲ့ခွဲဝင်များအား ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသာဌေးနှင့် ရှမ်းပြည်နယ်၊ ခရိုင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသာဌေးနှင့် ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ကျိုင်းတုံခရိုင် ကော်မရှင် အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို မေ ၁၆ရက် ညနေ ၃နာရီက ကျိုင်းတုံမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသာဌေးက ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှမ်းပြည်နယ် ကော်မရှင် အဖွဲ့ခွဲဝင်များက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်လှစ်ပို့ချရန် စီစဉ်ဆောင်ရွက်ထားမှုများနှင့် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

သိရှိလိုသည့်အချက်များမေးမြန်း

ဆက်လက်၍ ပြည်နယ်၊ ခရိုင်ကော်မရှင် အဖွဲ့ခွဲဝင်များက သိရှိလိုသည့် အချက်များကို မေးမြန်းရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသာဌေးက ပြန်လည်ရှင်းလင်း ဖြေကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ် ကျိုင်းတုံခရိုင်၊ မိုင်းဖြတ်ခရိုင်၊ မိုင်းဆတ် ခရိုင်နှင့်တာချီလိတ်ခရိုင်များရှိ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းများကို မေ ၁၇ရက်မှ ၁၈ရက်အထိ ကျိုင်းတုံမြို့၌လည်းကောင်း၊ မေ၁၈ရက်မှ ၁၉ရက်အထိ တာချီလိတ်မြို့၌ လည်းကောင်း ဖွင့်လှစ်ပို့ချရာ ယင်းသင်တန်းများသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသာဌေး တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းဖွင့်လှစ်ပို့ချမှုများကို ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ သင်တန်းများတွင် ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မက်မန်း၊ မိုင်းလား၊ မိုင်းပျဉ်း၊ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံမြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် သင်တန်းသား စုစုပေါင်း ၁၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသာဌေးသည် ရှမ်းပြည်နယ် ကော်မရှင် အဖွဲ့ခွဲဝင်များ၊ ခရိုင်ကော်မရှင် အဖွဲ့ခွဲဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် သင်တန်းသားများနှင့်အတူ မေ ၁၈ရက် နံနက် ၇နာရီခွဲက ကျိုင်းတုံမြို့ အထက(၃)၌ ကျင်းပသည့် မဲရုံနမူနာနှင့် ဆန္ဒမဲပေးမှု သရုပ်ပြအခမ်းအနားသို့ လည်းကောင်း၊ မေ ၁၉ရက် နံနက် ၉နာရီခွဲက တာချီလိတ်မြို့ အထက(၁)၌ ကျင်းပသည့် မဲရုံနမူနာနှင့် ဆန္ဒမဲပေးမှု သရုပ်ပြ အခမ်းအနားသို့ လည်းကောင်း တက်ရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၏ (၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ယနေ့ နံနက် ၉နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ဖိုးစိန်လမ်းရှိ ချက်ထရီယမ်ဟိုတယ် Ballroom(2) ၌ ကျင်းပသည်။

ကြိုဆိုနှုတ်ခွန်းဆက်စကား

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) ဥက္ကဋ္ဌ ဦးအောင်ခင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက အမှာစကားပြောကြားသည်။ ယင်းနောက် အသင်းအတွင်းရေးမှူး ဒေါ်သစ်သစ်ထက်က ၂၀၀၉-၂၀၁၀ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။ ဆက်လက်၍ ၂၀၁၀-၂၀၁၂ ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးအောင်ခင်မြင့်၊ အတွင်းရေးမှူး ဒေါ်သစ်သစ်ထက်တို့ ပါဝင်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၆ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးအောင်ခင်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂန့်ဂေါခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၂

မကွေးတိုင်း ဂန့်ဂေါခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို မေ၂၀ရက် နံနက် ၈နာရီက ဂန့်ဂေါမြို့ ဂန့်ဂေါခရိုင် ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပရာ ခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးညွန့်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းသို့ ဂန့်ဂေါခရိုင်အတွင်းရှိ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ဂန့်ဂေါ၊ ထီးလင်းနှင့် ဆောမြို့နယ်များမှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ၆၀တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၉ရက်က ကျင်းပသော ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု မြောက်ချောကုန်းကျေးရွာ မျိုးမြန်မာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားတွင် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် တန်ဖိုးငွေကျပ် ၁၈၁၉၀၀ရှိ စာအုပ်စာစောင် ၃၈၅အုပ်ကို တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ကျေးရွာစာကြည့်တိုက်မှူး ဦးဇော်ဝင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာသတင်းစာ ဆရာနှစ်ဦး အိန္ဒိယနိုင်ငံသို့ လေ့လာရေးထွက်ခွာ

ရန်ကုန် မေ ၂၂

အိန္ဒိယအစိုးရ၏ ဖိတ်ကြားချက်အရ အာဆီယံသတင်းစာဆရာများ လေ့လာလည်ပတ်ရေးအစီအစဉ်ဖြင့် မြန်မာနိုင်ငံမှ သတင်းစာဆရာနှစ်ဦးဖြစ်သည့် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)နှင့် ဦးမျိုးသန့် (မျိုးမြတ်သူ)တို့သည် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

လေ့လာကြမည်

မြန်မာသတင်းစာဆရာ နှစ်ဦးသည် အိန္ဒိယနိုင်ငံတွင် ရှိနေစဉ်အတွင်း ပြည်ပရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာန၊ အိန္ဒိယစက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်း စသည်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမည်ဖြစ်ကာ မွန်ဘိုင်းရှိ ရုပ်ရှင်မြို့တော်၊ ဘန်ဂလိုရှိ နိုင်ငံတကာ အိုင်တီကုမ္ပဏီကြီးများကိုလည်း သွားရောက်လေ့လာကြမည် ဖြစ်သည်။ ထို့အပြင် နယူးဒေလီအခြေစိုက် ရုပ်မြင်သံကြားလုပ်ငန်းများနှင့် သတင်းစာတိုက်များကိုလည်း လေ့လာကြမည်ဟု သိရသည်။

ပါဝင်

အာဆီယံသတင်းစာဆရာများ လေ့လာရေးအဖွဲ့တွင် မြန်မာသတင်းစာ ဆရာနှစ်ဦးနှင့်အတူ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့မှ သတင်းစာဆရာ ၁၁ဦး ပါဝင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အိန္ဒိယအစိုးရ၏ ဖိတ်ကြားချက်အရ အာဆီယံသတင်းစာ ဆရာများ လေ့လာလည်ပတ်ရေး အစီအစဉ်ဖြင့် မြန်မာနိုင်ငံမှ သတင်းစာဆရာနှစ်ဦး ဖြစ်သည့် ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)နှင့် ဦးမျိုးသန့်(မျိုးမြတ်သူ)တို့ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (သတင်းစဉ်)

အီရန်အရေး လုံခြုံရေးကောင်စီ ပိတ်ပင်မှုမပြုရန် တိုက်တွန်း

ဘရာဆီးလီးယား မေ ၂၂

အမေရိကန်က ပြင်ဆင်ရေးဆွဲထားသည့် အီရန်ဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို ထုတ်ပြန်ပေးပြီးနောက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် အီရန်အပေါ် အရေးယူပိတ်ပင်မှု ထပ်မံချမှတ်ခြင်း မပြုတော့ရန် ဘရာဇီးနှင့်တူရကီတို့က တိုက်တွန်းကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မေ ၂၁ရက်၌ ဖော်ပြထားသည်။

ယခုအချိန်သည် အီရန်အား ညှိနှိုင်းဆွေးနွေးခွင့်ပေးရမည့်အချိန်ဖြစ်ပြီး အီရန် နျူကလီးယားပြဿနာငြိမ်းချမ်းစွာ ဖြေရှင်းမှုအတွက် ထိခိုက်နစ်နာစေမည့် အစီအစဉ်များ ချမှတ်မှုမှရှောင်ရှားရမည့် အချိန်ဖြစ်သည်ဟု ဘရာဇီးနှင့်တူရကီတို့က ယုံကြည်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ပူးတွဲရေးသားပေးပို့သည့် စာတွင် ဖော်ပြထားသည်။

အီရန်အား အရေးယူပိတ်ပင်ရေးမူကြမ်းကို အတည်ပြုပြီးပါက မည်သည့်နိုင်ငံကမှ အီရန်သို့ အမျိုးအစားသစ် လက်နက်ကြီးများ မရောင်းချရန် ပိတ်ပင်မည်ဖြစ်ပြီး အီရန်၏ ဘဏ်လုပ်ငန်းကဏ္ဍအား ကန့်သတ်မှုများ ချမှတ်မည်ဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဆိုဖာပြတိုက်

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ အေရာဆိုဖာ ပြတိုက်အတွင်း လာရောက်ကြည့်ရှု လေ့လာနေကြသည့် ကမ္ဘာလှည့်ခရီးသည်များကို မေ ၂၂ ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အီရန်၏ အာဖဂန်ငြိမ်းချမ်းရေးထိန်းသိမ်းမှုကဏ္ဍ နော်ဝေဘုရင် ကြိုဆိုကြောင်းဖော်ပြ

အော့စလို မေ ၂၂

နိုင်ငံတကာရေးရာကိစ္စများတွင် နော်ဝေနှင့်အီရန်အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှုကို နော်ဝေဘုရင်ပဉ္စမမြောက် ဟာရယ်က ထောက်ခံလိုက်ပြီး အာဖဂန်နစ္စတန်နိုင်ငံ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးထိန်းသိမ်းရာတွင် အီရန်၏အခန်းကဏ္ဍကိုကြိုဆိုကြောင်း အင်တာနက်သတင်း၌ မေ၂၁ရက်က ဖော်ပြပါရှိသည်။

လက်ခံတွေ့ဆုံ

နော်ဝေနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး ဆေယက်ဟူစိန်အား မေ ၂၁ရက်က လက်ခံတွေ့ဆုံစဉ် နော်ဝေဘုရင်ပဉ္စမမြောက် ဟာရယ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ဖော်ပြထား

နော်ဝေနိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့ဝင်၅၀၀ခန့် စေလွှတ်ထားသည်။ အဆိုပါတပ်ဖွဲ့ဝင်များမှာ အဓိကအားဖြင့် ကဘူးလ်မြို့တော်နှင့် အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြထားသည်။

(အင်တာနက်)

နော်ဝေဘုရင် ဟာရယ်

ဂိုလန်ကုန်းမြင့်ကို အစ္စရေးသိမ်းပိုက်ထားမှု ကမ္ဘာ့လုံခြုံရေး ခြိမ်းခြောက်ခြင်းဖြစ်ဟုဆို

ဒူရှန်ဘီ မေ ၂၂

ဆီးရီးယားနိုင်ငံပိုင် ဂိုလန်ကုန်းမြင့်ကို အစ္စရေးကသိမ်းပိုက်ထားခြင်းမှာ ကမ္ဘာ့လုံခြုံရေးကိုခြိမ်းခြောက်နေခြင်းဖြစ်ကြောင်း အစ္စလာမ္မစ်ညီလာခံအဖွဲ့ (အိုအိုင်စီ)က ကြေညာလိုက်သည်ဟု အင်တာနက်သတင်းတွင် မေ၂၀ရက်က ဖော်ပြသည်။

ဆီးရီးယားနိုင်ငံအား အစ္စရေးက ဆက်လက်ခြိမ်းခြောက်ခြင်းမှာ ဒေသတွင်း တင်းမာမှုများ ပိုမိုကြီးထွားလာသည့် အဓိပ္ပာယ်ဖြစ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း မေ၂၀ရက်က အိုအိုင်စီထိပ်သီးအစည်းအဝေး ဆုံးဖြတ်ချက်မူကြမ်းတွင် ဖော်ပြပါရှိသည်ဟု ဆီးရီးယားအာရပ်သတင်းဌာနက ကြေညာသည်။

ကြေညာ

အသိမ်းပိုက်ခံ ဂိုလန်ကုန်းမြင့်ကို အုပ်ချုပ်ရန်နှင့် ဥပဒေပြဋ္ဌာန်းရန် အစ္စရေး၏ ဆုံးဖြတ်ချက်မှာ တရားမဝင်သည့်အပြင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာ ဥပဒေများကိုချိုးဖောက်ရာကျကြောင်း အိုအိုင်စီဆုံးဖြတ်ချက်တွင် ပါရှိသည်ဟု ဆီးရီးယားအာရပ်သတင်းဌာနက ကြေညာသည်။

(အင်တာနက်)

ယူရေနီယံတူးဖော်ရေး နမီးဘီးယား၌ ရုရှားရင်းနှီးမြှုပ်နှံမည်

မော်စကို မေ ၂၂

ရုရှားအစိုးရအနေဖြင့် နမီးဘီးယားနိုင်ငံ၌ ယူရေနီယံတူးဖော်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ဘီလီယံ ရင်းနှီးမြှုပ်နှံသွားရန် စီစဉ်လျက်ရှိသည်ဟု ရုရှားနျူကလီးယားကော်ပိုရေးရှင်းဥက္ကဋ္ဌက မေ ၂၁ ရက်၌ ထုတ်ဖော်ပြောကြားသည်။

မော်စကိုသို့ အလည်အပတ်ရောက်ရှိနေသော နမီးဘီးယားသမ္မတ ဟီဖိတ်ပွန်နီပိုဟမ်ဘားနှင့် ရုရှားသမ္မတ ဒီမီထရီ မက်ဗီဒက်ဗ်တို့ တွေ့ဆုံဆွေးနွေးကြပြီးနောက် အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ ယင်းကဲ့သို့ ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

နမီးဘီးယားနိုင်ငံသည် ကမ္ဘာ့ စတုတ္ထအများဆုံး ယူရေနီယံထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး အဆိုပါရင်းနှီးမြှုပ်နှံမှုကို ၂၀၁၀ ခုနှစ်အတွင်းစတင်ရန် ရည်ရွယ်ထားသည်ဟုဆိုသည်။ ယင်းယူရေနီယံများကို တူရကီနိုင်ငံရှိ ရုရှားစွမ်းအင်စက်ရုံ၌ အသုံးပြုမည်ဟု သတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကျူးဘားနှင့်ဘိုလီးဗီးယား အဂတိလိုက်စားမှု တိုက်ဖျက်မည်

ဟာဗားနား မေ ၂၂

အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ကျူးဘားနိုင်ငံနှင့် အတွေ့အကြုံ ဖလှယ်ရေးအတွက် ဘိုလီးဗီးယား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဝန်ကြီး နာဒီဆူဇီသည် ကျူးဘားနိုင်ငံ ဟာဗားနားသို့ မေ ၂၀ရက်က ရောက်ရှိကြောင်း ကျူးဘားသတင်းစာ ဂရင်မာက ရေးသားဖော်ပြသည်။

အကောင်အထည်ဖော်

ကျူးဘားအစိုးရက နိုင်ငံပိုင်လုပ်ငန်းများနှင့် ဌာန ၇၅၀ မှ လိမ်လည်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုတစ်ရပ်ကို ယခုအခါ အကောင်အထည်ဖော်လျက်ရှိသည်။

ပူးပေါင်းဆောင်ရွက်

ဘိုလီးဗီးယားဝန်ကြီးသည် ကျူးဘားစာရင်းစစ်ချုပ်၊ ရှေ့နေချုပ်ရုံးနှင့် တရားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံမည်ဖြစ်သည်ဟု ပြန်ကြားရေးအေဂျင်စီက ဖော်ပြသည်။ ကျူးဘားနှင့်ဘိုလီးဗီးယားနိုင်ငံတို့က စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေးနှင့် စစ်ရေးကဏ္ဍများတွင် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ဝူဟန်မြို့ နိုင်ငံတကာကားပြပွဲ၌ လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် စည်ကားနေသည်ကို မေ ၂၂ ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ အနောက်ပိုင်းဒေသ၌ ရေလွှမ်းမှုဖြစ်ပွားနေသည်ကို မေ ၂၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်အရှေ့ပိုင်းတွင် ပစ်ခတ်မှု အရပ်သားသုံးဦးသေဆုံး

ခို့စ် မေ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပက်တီယာပြည်နယ် ဝါဇာဇာဒရန်ခရိုင်တွင် မေ ၂၀ရက်က စစ်သွေးကြွများက လူနေရပ်ကွက်အတွင်း ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ရာ အရပ်သားသုံးဦး သေဆုံးပြီး ကလေးငယ်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အိမ်နီးချင်းခို့စ်ပြည်နယ်ကျန်းမာရေးအရာရှိ ဟာဇတ်မေလာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆေးကုသမှုခံယူ

မိန်းကလေးတစ်ဦး အပါအဝင် ဒဏ်ရာရရှိသူကလေးငယ်နှစ်ဦးမှာ ခို့စ်ပြည်နယ်ဆေးရုံသို့ပို့ဆောင်ကာ ဆေးကုသမှုခံယူနေကြရသည်ဟု ဆိုသည်။ **(အင်တာနက်)**

သီရိလင်္ကာ၌ ရေလွှမ်းမှု ၂၁ ဦးသေဆုံး

ကိုလံဘို မေ ၂၂

သီရိလင်္ကာနိုင်ငံတွင် ခြောက်ရက်ကြာ မိုးသည်းထန်ပြီး ရေလွှမ်းလာမှုကြောင့် သေဆုံးသူ ၂၁ ဦးအထိရှိလာကြောင်း အစိုးရအရာရှိတစ်ဦးက မေ ၂၁ရက်၌ ပြောကြားသည်။

ပျက်စီး

မိုးသည်းထန်ပြီး ရေလွှမ်းလာမှုကြောင့် လူ ၅၀၀၀၀၀ ကျော် ရေဘေးဒုက္ခကြုံတွေ့ရသည့်အပြင် ကိုလံဘိုမြို့တော် တည်ရှိရာ နိုင်ငံအနောက်ပိုင်း ပြည်နယ်များ၌ ရေလွှမ်းမှုဒဏ်အခံစားရဆုံးဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း ပေါ်ပေါက်လျက်ရှိသည့်အတွက် သီရိလင်္ကာနိုင်ငံ၌ မိုးအဆက်မပြတ် ရွာသွန်းမည့် လက္ခဏာများရှိနေကြောင်း မိုးလေဝသအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

ရေနံပိုက်လိုင်း တည်ဆောက်ရေး ကူဝိတ်နှင့်အီတလီ ကန်ထရိုက်စာချုပ် ချုပ်ဆို

ကူဝိတ်စီးတီး မေ ၂၂

ရေနံပိုက်လိုင်းသွယ်တန်းရေးနှင့် စပ်လျဉ်း၍ ကူဝိတ်ရေနံကုမ္ပဏီနှင့် အီတလီရေနံကုမ္ပဏီတို့ အမေရိကန်ဒေါ်လာ သန်း ၁၇၀ခန့်တန်ဖိုးရှိသော ကန်ထရိုက်စာချုပ်ချုပ်ဆိုခဲ့ကြောင်း ကူဝိတ်ရေနံကုမ္ပဏီက မေ၂၀ရက်၌ ထုတ်ဖော်ပြောကြားသည်။

ကူဝိတ်ရေနံကုမ္ပဏီအနေဖြင့် လာမည့်ငါးနှစ်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၁၇ ဒသမ၅ဘီလီယံမှ ၂၄ဒသမ၅ဘီလီယံအထိ ရင်းနှီးမြှုပ်နှံသွားရန်စီစဉ်ထားသည်ဟု ပြောကြားသည်။

အဆိုပါကန်ထရိုက်စာချုပ်အရ ကူဝိတ်နိုင်ငံမြောက်ပိုင်းမှတစ်ဆင့် အလယ်ပိုင်းနှင့်မြောက်ပိုင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုလှောင်ကန်များဆီသို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မည်ဖြစ်သည်။ ကူဝိတ်နိုင်ငံသည် အိုပက်အဖွဲ့၏ စတုတ္ထအများဆုံးရေနံထွက်သည့် အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ရေနံသိုလှောင်မှု ပမာဏ၏ ၁၀ရာခိုင်နှုန်း သိုလှောင်ထားရာ နိုင်ငံလည်း ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယီမင်မှ ရေနံလုပ်သားနှစ်ဦး ပြန်ပေးဆွဲထားရာမှ ပြန်လွတ်မြောက်လာ

ဆာနား မေ ၂၂

ယီမင်နိုင်ငံတွင် တရုတ်ရေနံအလုပ်သမားနှစ်ဦးအား ပြန်ပေးဆွဲထားရာမှ ယခုရက်သတ္တပတ်အစောပိုင်းက ပြန်လည်လွှတ်လိုက်ပြီဖြစ်ကြောင်း မေ ၂၁ ရက်၌ ယီမင်အာဏာပိုင်များက အတည်ပြုကြေညာသည်။

ယီမင်နိုင်ငံအရှေ့ပိုင်း ရှာဘာဝါပြည်နယ်ရှိ စစ်ဆေးရေးဂိတ်အနီး၌ ရဲတပ်ဖွဲ့က လူမျိုးစုဝင်တစ်ဦးအား သတ်ဖြတ်ပြီးနောက် ၎င်းတရုတ်ရေနံအလုပ်သမားနှစ်ဦး ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။

ရင်ဆိုင်

ယီမင်နိုင်ငံအစိုးရအနေဖြင့် နိုင်ငံတောင်ပိုင်းဒေသ၌ အယ်လ်ခိုင်ဒါနှင့် ခွဲထွက်ရေးသမားများ၏ ပြန်လည်အကြမ်းဖက်မှုနှင့် ရင်ဆိုင်လာရသည်။

ပြန်လွတ်လာ

ပြန်ပေးဆွဲခံရသည့် ဂျာမန်အမျိုးသမီးနှစ်ဦးမှာ မေ ၁၉ ရက် စောစောပိုင်းက ပြန်လွတ်လာခဲ့ပြီး ယခုအခါ ယီမင်နိုင်ငံမြောက်ပိုင်းဒေသမှ ဆော်ဒီအာရေဗျသို့ ပြန်ပို့လိုက်ပြီဟု အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အိန္ဒိယ၌လေယာဉ်ပျက်ကျ၊ ခရီးသည် ၁၆၀သေဆုံး

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့မှ မေ၂၂ရက်က ပျံသန်းလာသော အိန္ဒိယလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် အိန္ဒိယနိုင်ငံတောင်ပိုင်း မင်ဂလိုရီမြို့လေဆိပ်အနီးတွင် ပျက်ကျခဲ့ရာ ခရီးသည်၁၆၀ သေဆုံးခဲ့ကြောင်း၊ ခြောက်ဦးအားကယ်ဆယ်နိုင်ခဲ့ကြောင်း အိန္ဒိယလေကြောင်းအရာရှိများက မေ၂၂ရက်၌ ပြောကြားသည်။ (အောက်ပုံ)

ဖိလစ်ပိုင်တောင်ပိုင်း၌ အမျိုးသမီးတစ်ဦး ပစ်သတ်ခံရ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း လန်တာဝမ်မြို့တွင် မေ၂၂ရက်က သေနတ်သမားများ ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း၊ ပစ်ခတ်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ လေယာဉ်ပစ်ခတ်

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဝါဇီရစ္စတန်ဒေသတွင် မေ၂၂ရက်က မောင်းသူမဲ့လေယာဉ်တစ်စင်း၏ ပစ်ခတ်မှုကြောင့် အရပ်သား ၁၀ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်အရာရှိများက ပြောကြားသည်။

နီပေါ၌ဝမ်းရောဂါများဖြစ်ပွားနေ

နီပေါနိုင်ငံ အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် သောက်သုံးရေများ ပြတ်လပ်လျက်ရှိသည့်အပြင် ဝမ်းရောဂါများဖြစ်ပွားလျက်ရှိရာ မေ၂၂ရက်က ယင်းဒေသများ၌ ဒေသခံ ၂၀သေဆုံးခဲ့ကြောင်း နီပေါနိုင်ငံ ကျန်းမာရေး အရာရှိများက မေ ၂၂ရက်၌ ပြောကြားသည်။

ကျူးဘား၌ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလေ့ကျင့်

ကျူးဘားနိုင်ငံတစ်ဝန်း ပြည်နယ်အသီးသီးတွင် မေ ၂၂ရက်က ငလျင်နှင့် ဆူနာမီသဘာဝဘေးအန္တရာယ်များကျရောက်ပါက ကြိုတင်ကာကွယ်ရှောင်တိမ်းရေး လေ့ကျင့်မှုကို တစ်ပြိုင်နက်တည်း လေ့ကျင့်ခဲ့ကြကြောင်း ကျူးဘားအရာရှိများက ပြောကြားသည်။

ဗင်နီဇွဲလားအရှေ့တောင်ပိုင်း၌ လေယာဉ်ငယ်ပျက်ကျ

ဗင်နီဇွဲလားနိုင်ငံ အရှေ့တောင်ပိုင်း ဂွာရာနာမြို့အနီးတွင် မေ ၂၂ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ နှစ်ဦးသေဆုံးခဲ့ကြောင်း ဗင်နီဇွဲလား ရုပ်မြင်သံကြားက သတင်းထုတ်ပြန်သည်။

အာကာသ၌ လေယာဉ်မှူးများလမ်းလျှောက်

နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ရောက်ရှိနေသော အတ္တလန္တစ် အာကာသယာဉ်မှ အာကာသယာဉ်မှူးနှစ်ဦးသည် မေ ၂၂ရက်က အာကာသအတွင်း နောက်ဆုံး လမ်းလျှောက်ခြင်း ပြုလုပ်ခဲ့ကြောင်း နာဆာအရာရှိများက သတင်းထုတ်ပြန်သည်။

ဘရာဇီးနှင့်ဒိုမီနီကန်နိုင်ငံတို့ စာချုပ်များရေးထိုး

ဘရာဇီးနှင့်ဒိုမီနီကန်နိုင်ငံတို့သည် ဖွံ့ဖြိုးရေးစီမံကိန်း ၁၀ခုကို နှစ်နိုင်ငံ ကိုယ်စားလှယ်များက မေ ၂၂ရက်၌ သဘောတူလက်မှတ်ရေးထိုးလိုက်ကြကြောင်း ဘရာဇီးအရာရှိများက ပြောကြားသည်။

(အင်တာနက်)

မိုးသီးနှံနှင့် စီးပွားဖြစ် နှစ်ရှည်ပင်များ စိုက်ပျိုး မြေလွတ်မြေရိုင်းများဖော်ထုတ်၍ လယ်ကေတိုးချဲ့

ဒေသဝမ်းစာဖူလုံရေး ခန္တီး၌ ဆောင်ရွက်

ခန္တီး မေ ၂၂

ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းသည် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ ခန္တီးမြို့နယ် ကောင်းဟိန်ကျေးရွာသို့ ဧပြီ ၂၈ရက် မွန်းလွဲ ၁နာရီကရောက်ရှိရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ အောက်မြစ်ကြောင်းကျေးရွာအုပ်စုများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆွေးနွေးကြသည်။

အလေးထား

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးလှထွန်းက မိုးသီးနှံအချိန်မီ စိုက်ပျိုးရေး၊ စီးပွားဖြစ် နှစ်ရှည်ပင်များ စိုက်ပျိုးရေး၊ မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ လယ်ကေတိုးချဲ့ရေး၊ ကျွဲနွားများ စနစ်တကျ ထိန်းကျောင်းရေးနှင့် ဒေသဝမ်းစာ ဖူလုံပိုလျှံရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ရှင်းလင်း

ဆက်လက်၍ ကျေးရွာအုပ်စုများမှ ဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နှင့် မိုးသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်း တင်ပြရာ ခရိုင်ဥက္ကဋ္ဌဦးလှထွန်းက ပြန်လည် ဆွေးနွေးမှာကြားသည်။

(ခရိုင် ပြန်/ဆက်)

ကန်ကြီးထောင့် ဒါးက ကျေးလက်ကျန်းမာရေးဌာန၌ ကျန်းမာရေးဖွံ့ဖြိုးမှုဆိုင်ရာ လူငယ်ရိပ်မွန်ဖွင့်

ကန်ကြီးထောင့် မေ ၂၂

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးလက်ကျန်းမာရေးဌာန၌ ဗဟို ကျန်းမာရေးပညာဌာန(နေပြည်တော်)နှင့် ကန်ကြီးထောင့်မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးဖွံ့ဖြိုးမှုဆိုင်ရာ လူငယ်ရိပ်မွန်သင်တန်းကို ဧပြီ ၂၉ရက် နံနက် ၉နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေး

ထို့နောက် ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ဒေါက်တာကျော်မျိုးလှိုင်က သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး(ဝဲပုံ) ဗဟိုကျန်းမာရေးပညာဌာန (နေပြည်တော်)မှ တာဝန်ခံကျန်းမာရေးပညာအရာရှိ ဒေါ်အိအိဆွေက သင်တန်းနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် သမိုင်း ဦးအောင်ပွင့်လမ်း နေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ခေတ္တဂျပန်ရောက် မောင်စိုးလှထွန်း- မဥမ္မာခိုင်တို့က (၁)နှစ်ပြည့် မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်း ရေးမှူးဦးညီညီလွင်ထံ ပေးအပ်လှူဒါန်း စဉ်။ (ဘိုးဘွားရိပ်သာ)

စာကြည့်တိုက်များ စံ(၅)ရပ်ညီရေး ကောလင်း၌ ရှင်းလင်းဆွေးနွေး

ကောလင်း မေ ၂၂

ကောလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစိန်မြင့်နှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးအောင်ကျော်စိုးတို့သည် ဝါးသီးကုန်းရွာ ပန်းပျိုးလက် စာကြည့် တိုက်၊ ဖလဲရွာ ပညာဒဿနစာကြည့်တိုက်၊ စွယ်ရရွာ တို့စွယ်စုံအလိမ္မာစာကြည့်တိုက်တို့သို့ မေ ၁၀ရက်မှ ၁၂ရက်အထိ ကွင်းဆင်းသွားရောက်၍ စံ(၅)ချက်ညီစာကြည့်တိုက် အင်္ဂါရပ် ပြည့်စုံရေး၊ စာဖတ်သူတိုးပွားရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေး စသည်များကို သက်ဆိုင်ရာ စာကြည့်တိုက်ကော်မတီများနှင့်တွေ့ဆုံ ရှင်းလင်းဆွေးနွေး ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေကူမြို့နယ်၌ နွေစပါးစံပြကွက် စုပေါင်းရိတ်သိမ်း

ရွှေကူ မေ ၂၂

ကချင်ပြည်နယ် ရွှေကူမြို့နယ်ဆိပ်သာ ကျေးရွာအုပ်စု ညောင်ကုန်းကွင်း ကွင်း အမှတ်(၄၁) ဦးပိုင်အမှတ်(၁၁၁)တောင်သူ ဦးဟုန်းငွေ၏ ၂၀၀၉-၂၀၁၀ခုနှစ် နွေစပါး စိုက်ရာသီ နွေစပါးစံပြ စိုက်ကွက်တွင် မေ ၂ရက်က မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌတို့နှင့် တောင်သူများစုပေါင်း၍ နွေစပါးစံပြကွက် စိုက်ခင်းကို စုပေါင်း ရိတ်သိမ်းကြသည်။ *(၁၇၉)*

ရွှေဘိုမြို့ အမှတ် (၁) ရပ်ကွက်တွင် မြို့ရေပေးရေး ပိုက်လိုင်းများနှင့် ရေဆိုးထုတ်မြောင်းသီးခြား ဆောင်ရွက်ထားရှိမှု အခြေအနေကို အမှုဆောင် အ ရာ ရှိ (ဒုတိယ ညွှန်ကြားရေးမှူး)ဦးမျိုးအောင် နှင့်တာဝန်ခံအင်ဂျင်နီယာအင်ဂျင်နီယာမှူး ဦးမျိုးတို့ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဧပြီ ၉ရက်က ရပ်စောက်မြို့ မြို့ဦးရပ်ကွက် ရေရရှိရေးလုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးလျက်ရှိရာ လေးလက်မ စက်ရေတွင်းမှ ဂါလန် ၁၂၀၀၀ ဆံ့ ကွန်ကရစ် ရေလှောင်ကန် တည် ဆောက်ခြင်းလုပ်ငန်းကို ရပ်စောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ကျော် ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပေါင်မြို့နယ်၌ လူကုန်ကူးရန် ကြိုးပမ်းဆောင်ရွက်စဉ် သက်ဆိုင်ရာမှ အချိန်မီတားဆီးကယ်တင်နိုင် ပညာပေးဆွေးနွေးပြီး မိဘများထံ ပြန်လည်အပ်နှံ

ပေါင် မေ ၂၂

လူမှောင်ခို ပညာပေးဟောပြောပွဲ နှင့် လူမှောင်ခိုအဖြစ် လူကုန်ကူးရန် ကြိုးပမ်းဆောင်ရွက်စဉ် သက်ဆိုင်ရာက အချိန်မီတားဆီး ကယ်တင်နိုင်ခဲ့သူများအား သက်ဆိုင်ရာ ကျေးရွာအေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် မိဘ များထံသို့ လွှဲပြောင်းအပ်နှံသည့် အခမ်းအနား ကို ဧပြီ၂၂ရက် ညနေ၄နာရီက ပေါင်မြို့နယ် ရဲတပ်ဖွဲ့စခန်း ခမ္မာရုံ၌ ကျင်းပသည်။

ပညာပေးဆွေးနွေး

အခမ်းအနားတွင် ပေါင်မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်အောင်ငွေး၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်လှသန်းနှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌဒေါ်အေးအေးမော်တို့က အမှာ စကားပြောကြားပြီး လူကုန်ကူးရန် လူမှောင်ခို ပွဲစား၏ စည်းရုံးခေါ်ဆောင်ခြင်း ခံခဲ့ရသော ပေါင်မြို့နယ် ထန်းပင်ချောင်ကြီးကျေးရွာမှ အမျိုးသား၊ အမျိုးသမီး ၁၇ဦးတို့အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ နှစ်သိမ့် ပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြ သည်။

လွှဲပြောင်းအပ်နှံ

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌဒေါ်အေးအေးမော်က တစ်ဦးလျှင် ငွေကျပ် ၉၀၀၀စီ ထောက်ပံ့ငွေများ ပေး အပ်ခဲ့ပြီးနောက် သက်ဆိုင်ရာ ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ တစ်ဆင့် ကျေးရွာရှိ မိဘများထံသို့ ပြန်လည် လွှဲပြောင်းပေးအပ်သည်။

(၁၇၆)

အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီး ဦးဇော်မင်း

ကွန်းချောင်းတမံစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် မေ ၁၈ရက် နံနက်ပိုင်းက ပဲခူးတိုင်း ဖြူးမြို့၏ အနောက်တောင်ဘက်(၉)မိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် အမှတ်(၃)တည်ဆောက်ရေးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကွန်းချောင်းတမံစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးနေဝင်းသိန်းက ရေလွှဲရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်လုပ်ငန်း၊ ပင်မတမံလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်းနှင့် ရေယူအဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ချဉ်းကပ်ဥမင်လိုဏ် ဖောက်လုပ်ပြီးစီးမှု၊ ရေလှောင်ထိန်းစည်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဖိအားမြင့် သံမဏိပိုက်လိုင်း တပ်ဆင်ပြီးစီးမှုနှင့် ကျန်ရှိမှု၊ ကွန်ကရစ်လုပ်ငန်း ပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းတစ်ခုချင်းအလိုက် ပြီးစီးအောင် ဆောင်ရွက်ရမည့် အချိန်ကာလများအတွင်း အောင်မြင်စွာ ပြီးစီးရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းနှင့်အညီ စနစ်တကျသုံးစွဲရေး၊ လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေးနှင့် စီမံကိန်းဝင်းအတွင်း စနစ်တကျရှိရေး၊ အထူးဂရုပြုကြပ်မတ်ဆောင်ရွက်ထားရှိရေး စသည်ဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ ပင်မတမံ တည်ဆောက်ပြီးစီးမှု၊ ရေထိန်းမျှော်စင် ဆောက်လုပ်ပြီးစီးမှုနှင့် ရေယူအဆောက်အအုံ Leading Channel လုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ ဖိအားနိမ့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းနှင့် ကွန်ကရစ်လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ရေပိုလွှဲ ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကိုလည်းကောင်း၊ ရေသွယ်ဥမင်လိုဏ်နှင့် ချဉ်းကပ်ဥမင်လိုဏ် RD (၁၅၈၁m) ၌ တိုးလျှိုပေါက်ဖောက်လုပ်ပြီးစီးမှု(Break Through Point)နှင့် ကွန်ကရစ်လိုင်နင်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကိုလည်းကောင်း၊ ဓာတ်အားပေးစက်ရုံလုပ်ငန်းခွင်ရှုရပ်မှ ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးမှု၊ ဖိအားမြင့် သံမဏိပိုက်လိုင်း Trifurcation သံမဏိပိုက် တပ်ဆင်နေမှု၊ ဓာတ်အားပေးစက်ရုံအတွင်း စက်မှု၊ လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Unit (1)Spiral Casing လုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ ရက်မှ ၃၁ ရက်အထိ



ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး



အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ကွန်းချောင်းတမံစီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

LENOVO 2010 IT Exhibition ကျင်းပမည်

နေပြည်တော် မေ ၂၂

နည်းပညာကို ချစ်မြတ်နိုးသောသူများအတွက် Lenovo 2010 IT Exhibition ကို မေ ၂၆ရက်တွင် ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ Strand Hotel မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ပြပွဲကျင်းပချိန်မှာ နံနက် ၉နာရီမှ ညနေ ၅နာရီအထိဖြစ်ပြီး တစ်ရက်တည်းသာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အသေးစိတ်

Lenovo 2010 IT Exhibition တွင် ကွန်ပျူတာစနစ်ထဲသို့ မျက်နှာဖြင့် Login ဝင်ရောက်နိုင်သော စနစ် (Veriface Face Recognition Technology)၊ အရေးကြီးဖိုင်များကို သုံးစွဲသူ၏မျက်နှာ၊ လက်ဗွေရာတို့ဖြင့် ထိန်းချုပ်နိုင်သော စနစ်(Bio Excess)၊ နုတ်ဘုတ်ရုတ်တရက်ပြုတ်ကျခဲ့လျှင် Hard Disk ထဲမှ အရေးကြီးဖိုင်များကို ထိခိုက်မှုမရှိအောင် ကာကွယ်ပေးထားနိုင်သော APS (Active Protection System)၊ ဘဏ်လုပ်ငန်းများကဲ့သို့ အရေးကြီးအချက်အလက်များကို USB port မှ ခွင့်ပြုချက်မရဘဲ အလွယ်တကူ ကူးယူနိုင်ခြင်းမရှိအောင် ကာကွယ်နိုင်သည့် USB port locker system၊ Service Centre များသို့ ယူဆောင်သွားရန် အဆင်မပြေသည့် အချိန်မျိုးတွင် သင့်နုတ်ဘုတ်စနစ် Virus ကြောင့်ဖြစ်စေ အဆင်မပြေမှုတစ်စုံတစ်ရာ ကြုံတွေ့ပါက အလွယ်တကူ Recovery လုပ်နိုင်သော One Key Recovery System အစရှိသော နည်းပညာများကို လက်တွေ့စမ်းသပ်နိုင်မည်ဖြစ်ပြီး Presentation နှင့် တကွ အသေးစိတ် ရှင်းလင်းပြသပေးသွားမည်ဖြစ်သည်။

အထူးနှုန်း

ထို့အပြင် Lenovo Notebook နှင့် Lenovo Desktop များ၊ ဆက်စပ်ပစ္စည်းများဖြစ်သော Notebook Accessories၊ Printer၊ Scanner၊ UPS၊ Notebook Bag များကိုလည်း အထူးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။ ထို့အပြင် Lenovo Notebook နှင့် Lenovo Desktop ဝယ်ယူအားပေးသော Customer များအတွက် ကျပ်တစ်သိန်းဆုငါးဆုကိုလည်း ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်သည်။

စုံစမ်းနိုင်

အသေးစိတ် သိရှိလိုပါက KMD Sales Centre အမှတ် (၁၇၀-၁၈၄) ပန်းဆိုးတန်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၅၁၈၀၊ ၃၈၄၁၀၉၊ ၃၈၁၁၂၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်စာကြည့်တိုက်အဆောက်အအုံသစ်

စစ်ကိုင်းတိုင်း မြောင်မြို့နယ်၌ဖွင့်

ရန်ကုန် မေ ၂၂

စစ်ကိုင်းတိုင်း မြောင်မြို့နယ် ကျီကုန်းကျေးရွာ ရမောင်ပညာအလင်းပြ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၈ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်မြင့်သန်း၊ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကို၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသက်နိုင်ဦးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လှူဒါန်း

ထို့နောက် စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက စာကြည့်တိုက်ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းကို ဟောပြောသည်။ ဆက်လက်၍ အလှူရှင်များက သုတ ရသ၊ စာအုပ်စာစောင်များနှင့် စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်မှာ အလျား ၁၆ပေ၊ အနံ ၁၄ပေ ရှိ၍ သွပ်မိုး၊ ခြေတံရှည်၊ ကပ်ထရံကာ အမျိုးအစားဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မေ ၂၂

လှိုင်လင်၌ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်မှုဖြင့် ခရိုင်အထူးကုဆရာဝန်ကြီးများအဖွဲ့သည် မေ ၃ရက်က လဲချားမြို့နယ်၌ လူနာ ၈၄၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး မျက်စိဝေဒနာရှင် ၁၀၁ဦးအား မျက်မှန်တပ်ဆင်မှုများ ဆောင်ရွက်ပေးကြသည်။ (၁၈၉)

ပူတာအိုမြို့နယ် ပင်စင်ကျေးရွာ၌ အိုရိန်စာကြည့်တိုက်ဖွင့်

ပူတာအိုမြို့နယ် ပင်စင်ကျေးရွာ၌ အိုရိန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၂၄ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလင်းသူမောင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်မြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျန်းမာရေးနေ့အထိမ်းအမှတ် မချမ်းဘော၌ကျင်းပ

မချမ်းဘောမြို့နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်နှင့်ဝက်သက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အသိပညာပေး အခမ်းအနားကို ဧပြီ ၇ရက် နံနက် ၁၀နာရီက မချမ်းဘောမြို့နယ် ကျန်းမာရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဦးအောင်ကိုကိုက ဝက်သက်ရောဂါအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။ *(မြို့နယ် ပြန်/ဆက်)*

ကျေးလက်ရေပေးရေး ဖားကန့်စည်ပင်သာယာ ဆောင်ရွက်

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ သန့်ရှင်းသောရေဖူလုံစွာရရှိရေးအတွက် မေ ၁၀ရက်က ဒွန်ဘန်ကျေးရွာနှင့် ရှုဒူဇုပ် ကျေးရွာတို့တွင် ဆောင်ရွက်ပေးထားသော ရေဝေကန်နှင့် ရေပိုက်လိုင်းများ အခြေအနေကို အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနိုင်ထွန်းလှိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

စက်မှု(၁) ဈေးရောင်းပွဲတော် ရေနံချောင်း၌ကျင်းပ

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၃ရက်က မကွေးတိုင်း ရေနံချောင်းမြို့ ရွှေဘုံသာ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကျော်နိုင်ထွန်းက ဖွင့်လှစ်ပေးပြီး ဈေးရောင်းပွဲတော်၌ စက်မှု(၁) လုပ်ငန်းမှထွက်ရှိသော ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။ *(၀၇၆)*

အမရပူရ၌ စက်ရေတွင်းနှင့် စာကြည့်တိုက်ဖွင့်

အမရပူရမြို့နယ် မန်ကျီးကိုင်းကျေးရွာအုပ်စု ရွှေပေါက်ပင်ကျေးရွာ ရွှေပိတောက်(၂) စာကြည့်တိုက်နှင့် စက်ရေတွင်းဖွင့်ပွဲကို မတ် ၃၁ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှ၊ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက် ရေရှည်တည်တံ့ရေး မြင်းမူ၌ဆွေးနွေး

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကိုသည် မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုးနှင့်ဝန်ထမ်းများ လိုက်ပါလျက် မတ် ၂၆ ရက်က ပုလဲတန်ကျေးရွာ ပညာရွာကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်ခန်းမ၌ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သတ်မှတ်စံ (၅)ရပ်နှင့်ညီသည့် စာကြည့်တိုက်ဖြစ်ပေါ်ရေးအတွက် စာကြည့်တိုက် ကော်မတီဝင်များ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ဟောပြောဆွေးနွေးသည်။ *(၀၃၅)*

သာစည်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး၊ တားမြစ်ပိတ်ပင်ထားသည့် အိမ်သုံးဆေးဝါးများ မရောင်းချရေးနှင့်မသုံးစွဲရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးတို့အတွက် အသိပညာပေးဟောပြောပွဲကို မတ် ၉ရက်က သာစည်မြို့နယ် မုံပင်ဆုံကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့မရဲစခန်းမှူး ရဲအုပ်မြင့်သိန်းဦးနှင့် ဒုရဲအုပ်နိုင်လင်းတို့က အသိပညာပေး ဟောပြောကြသည်။ **(၀၉၄)**

ဈေးစည်းကမ်းထိန်းသိမ်းရေး ကောလင်း၌ဆောင်ရွက်

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင့်ဝေ၏ ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး ဒေါ်လှလှ ခေါင်းဆောင်သောအဖွဲ့သည် ဧပြီ ၅ရက်မှ စတင်၍ မြို့မစည်ပင်ဈေးတွင် စည်းကမ်းထိန်းသိမ်းရေး၊ ကျူးကျော်ဆိုင်များမရှိရေးနှင့် ဈေးလုံခြုံရေးတို့ကို နေ့ညမပြတ် ကွင်းဆင်းဆောင်ရွက်ကြသည်။ *(၀၃၂)*

မောင်တောစည်ပင်သာယာ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းအတွင်း အမှိုက်များ၊ ရေဆိုးများမရှိစေရေးတို့အတွက် မေ ၅ရက်က ဦးမြဝါ လမ်းဘေးဝဲယာတစ်လျှောက်ရှိ ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ရာ ဒုတိယဦးစီးမှူး(သန့်)ဦးထွန်းလှိုင်က ကြီးကြပ်ဆောင်ရွက်ပေးသည်။ ။ **(မြို့နယ်စည်ပင်)**

* ကျော်ဖုံးမှ

တစ်ကျောင်းတည်း

တက္ကသိုလ်အဝင် လမ်းအတိုင်း မော်တော်ယာဉ်မောင်းဝင်လာခဲ့ရာ သုံးထပ်ပင်မဆောင်ဝင်ပေါက်သို့ ရောက်ရှိခဲ့သည်။ ကျယ်ဝန်းသပ်ရပ်သော အခန်းများ၊ စနစ်တကျဖွဲ့စည်းထားသော ရုံးခန်းနှင့် လက်တွေ့ခန်းများကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရသည်။ မြန်မာနိုင်ငံတွင် တစ်ခုတည်းသော တက္ကသိုလ်အဖြစ် ထည်ထည်ဝါဝါ ရပ်တည်လျက်ရှိသော မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တွင် ကျောင်းသားများအား ဤသို့ လက်တွေ့သင်ကြား ပြသလျက်ရှိသည်။

လေ့လာခွင့်ရ

ပါမောက္ခချုပ် တာဝန်ဖြင့် ခရီးထွက်နေ၍ မတွေ့ဆုံခဲ့ရသော်လည်း တက္ကသိုလ်မှ တာဝန်ရှိသူများ၏ ကူညီမှုဖြင့် လေ့လာခွင့်ရရှိခဲ့သည်။ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို ၂၀၀၂ခုနှစ် ဩဂုတ် ၁ရက်၌ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ မိတ္ထီလာမြို့ ရန်ကုန်-မန္တလေး ကားလမ်းဘေး ဖောင်ချမ်းကုန်း ရွာအနီးတွင်တည်ရှိပြီး အကျယ်အဝန်းမှာ စုစုပေါင်း ၁၁၂၃သမ ၅၈ကေရှိသည်။

ရည်ရွယ်

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသတက္ကသိုလ်ကိုဖွင့်လှစ်ရခြင်းမှာ လေကြောင်း

မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၌ ကျောင်းသားများ ပညာသင်ယူနေကြသည့် မြင်ကွင်း....။

နှင့် အာကာသပညာဖြင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံပြီး ကျွမ်းကျင်သော လေကြောင်းနှင့် အာကာသပညာရှင်များ မွေးထုတ်နိုင်ရန်၊ လေကြောင်းနှင့် အာကာသပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်ရန်၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ချုပ်က ချမှတ်ထားသည့် ပြဋ္ဌာန်းချက်များကို လေကြောင်းနှင့် အာကာသပညာရပ်များ သိရှိနားလည်နိုင်စေရန်နှင့် လေကြောင်းနှင့် အာကာသပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လိုအပ်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့ ဖြစ်ကြောင်း သိရသည်။

ကျယ်ဝန်း

ကျယ်ဝန်းသော စာသင်ခန်းများအတွင်း အပေါ်အင်္ကျီဖြူ၊ ဘောင်းဘီရှည်များဖြင့် တူညီဝတ်ဆင်ကာ သင်ခန်းစာများကို အေးချမ်းစွာ ပညာသင်ကြားနေသော ကျောင်းသားများကို တွေ့ရသည်။ ဤကျောင်းမှာ ကျောင်းသားများကိုသာ နှစ်စဉ် လက်ခံသင်ကြားပေးကြောင်း သိရသည်။

ဘာသာရပ်

မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တွင် အထူးပြုအင်ဂျင်နီယာပညာဌာန ခြောက်ခု၊ အထောက်အကူပြုပညာဌာန ခုနစ်ခု စုစုပေါင်း သင်ကြားရေးဌာန ၁၃ခု ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အထူးပြုအင်ဂျင်နီယာပညာဌာနများမှာ စက်နှင့် ပျံသန်းယာဉ်ဌာန၊ လေကြောင်းအီလက်ထရွန်နစ် ပညာဌာန၊ လေကြောင်း လျှပ်စစ်တိုင်းတာရေး ပညာဌာန၊ လောင်စာနှင့် တွန်းကန်ပစ္စည်းဌာန၊ အာကာသစနစ် အင်ဂျင်နီယာဌာန၊ အာကာသသုံးဒြပ်ပစ္စည်း ပညာဌာနတို့ ဖြစ်ရာ စိတ်ဝင်စားဖွယ် အတတ်ပညာရပ်များပင်ဖြစ်သည်။

အထောက်အကူပြုပညာဌာန

အထောက်အကူပြုပညာဌာနများမှာ မြန်မာစာဌာန၊ အင်္ဂလိပ်စာဌာန၊ အင်ဂျင်နီယာသင်္ချာဌာန၊ အင်ဂျင်နီယာ ဓာတုဗေဒဌာန၊ အင်ဂျင်နီယာ ရူပဗေဒဌာနနှင့် ကွန်ပျူတာသိပ္ပံဌာနတို့ ဖြစ်ကြသည်။

ဆက်လက် ဖွင့်လှစ်ရန်ရှိသည့် ဘွဲ့လွန်သင်တန်းဌာနများမှာ အာကာသနည်းပညာဌာန၊ လေဆိပ်စီမံခန့်ခွဲမှု ပညာဌာန၊ လေဆိပ်အင်ဂျင်နီယာဌာနများ ဖြစ်ကြောင်း သိရသည်။

လက်တွေ့

တက္ကသိုလ် ကျောင်းသားများအား လက်တွေ့သင်ကြားပြသမှုကို လေ့လာရန် လက်တွေ့အလုပ်ရုံဘက်သို့ သွားရောက်ခဲ့သည်။ ကြီးမားကျယ်ဝန်းသော လက်တွေ့အလုပ်ရုံဖြစ်ပြီး အလုပ်ရုံအလယ်ဗဟိုနေရာတွင်လေယာဉ်တစ်စင်းလွတ်လပ်ချောင်ချိစွာ ထားရှိနိုင်သည်ကို တွေ့ရသည်။ လက်တွေ့ခန်းတစ်ခန်း၌ ကျောင်းသားများ လက်တွေ့ လေ့လာပို့ချနေမှုကို တွေ့ရသဖြင့် ဝင်ရောက် လေ့လာခဲ့သည်။ လေယာဉ်ကိုယ်ထည်တွင် ပါရှိသော သတ္တုအစိတ်အပိုင်းများ၏ ခံနိုင်ရည်အား စစ်ဆေးမှုကို သင်နေခြင်းဖြစ်သည်။ ဤကျောင်း၌ စာတွေ့၊ လက်တွေ့ ပေါင်းစပ် သင်ကြားရခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းနှင့်ဘွဲ့

မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၌ သင်တန်းငါးမျိုး ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ သင်တန်းကာလမှာ ငါးနှစ်ဖြစ်သည်။ ငါးနှစ်တက်ရောက်ပြီး အောင်မြင်ပါက B.E (Aerospace) ဘွဲ့များကို ချီးမြှင့်အပ်နှင်းခြင်း ခံရမည်ဖြစ်သည်။ ဤကျောင်းမှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်မှ ၂၀၀၈-၂၀၀၉ အထိ ကျောင်းသား ၁၄၁ဦးအား ဘွဲ့များအပ်နှင်းနိုင်ခဲ့သည်။ ယခု ၂၀၀၉-၂၀၁၀ ပညာသင်နှစ်ကာလ၌ ပထမနှစ်မှ ပဥ္စမနှစ်အထိ ကျောင်းသားပေါင်း ၄၃၁ဦး တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

မွေးထုတ်ပေး

ခေတ်က ပြောင်းလဲနေသည်။ သိပ္ပံနည်းပညာများလည်း ကမ္ဘာတစ်ဝန်း အရှိန်အဟုန်ဖြင့် တိုးတက်ဆန်းသစ်နေသည်။ မြန်မာလူငယ်များအနေဖြင့်ခေတ်မီဆန်းသစ်သည့် အာကာသသိပ္ပံ ပညာရပ်များကို စာတွေ့၊ လက်တွေ့ လေ့လာဆည်းပူးနိုင်မည်ဖြစ်ရာ ဤတက္ကသိုလ်ကြီးကား နိုင်ငံတော် အကျိုးပြုသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်စေရန် လေ့ကျင့်မွေးထုတ်ပေးသည့် နေရာဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို ထူးခြားသော ဒီဇိုင်းဖြင့် ဤသို့ တွေ့ရသည်။

● ကျော်ဖုံးမှ

နှလုံးရောဂါခံစားနေကြရသူ ၁၇၀၀အား သုတေသနပြု ဆန်းစစ်ခဲ့ရာ ကာမဂုဏ်ခံစားနေစဉ်အတွင်း အသက်ပျောက်မည့် အခွင့်အလမ်းများသည့်အချက်ကို တွေ့ရှိခဲ့ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာစတာဘီတက်စလာလင်ဒူးက ပြောကြားသည်။

အဆိုပါသုတေသီများက အမျိုးသား ၁၁၈၄ ဦးနှင့် အမျိုးသမီး ၅၇၆ဦးတို့အား နှလုံးရောဂါရပြီးနောက် ဆန်းစစ်လေ့လာခဲ့သည်။

တွေ့ရှိ

ပျမ်းမျှ အသက် ၅၉နှစ်ရှိ အမျိုးသားများသည် ပျမ်းမျှ အသက် ၆၁နှစ်ရှိ အမျိုးသမီးများထက် လိင်စိတ်ပိုပြင်းပြသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

ဆင်ခြင်သင့်

ယင်းအသက်အရွယ်များတွင် နှလုံးရောဂါဖြစ်ပွားလေ့ရှိခြင်းကြောင့် အပျော်အပါး လိုက်စားခြင်းကို နှလုံးရောဂါခံစားနေရသူများအနေဖြင့် သတိပြုဆင်ခြင်သင့်ကြောင်း သတိပေးထားခြင်းဖြစ်သည်။ *(အင်တာနက်)*

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၅-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၃၀ ၄။ ကာတွန်းအစီအစဉ် **အမြှာစုံထောက်** (အပိုင်း-၆)
၁၁:၂၅ ၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ထဲကဆူး**
၁၂:၃၀ ၆။ ကျန်းမာသုတ
၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၃၇)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၀။ ဘဝကြေးမုံ **နှလုံးစီနည်း** တေဇ၊ ချစ်စု၊သိင်္ဂီထွန်း၊ ဦးဝင်းနိုင်(အနုပညာ) [ဒါရိုက်တာ-ဆဲဗင်း (အိုင်စီ)]
၆:၅၀ ၁၁။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၁၁)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ နိုင်ငံတကာသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ကျန်းမာသုတ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၂၄)
၂၁။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၂၉)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၅ ၈။ တေးဂီတအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ **အမှန်ထင်နေသောအမှား**
၈:၅၅ ၁၁။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၁၀)
၁၂:၃၀ ၅။ Golf Magazine
၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **စကားပြောသော အသည်းနှလုံး** စိုးနိုင်၊ ဦးသိန်းမောင်၊ ကြည်ကြည်ဌေး၊ တင်တင်နွဲ့၊ ဦးကျော်လုံး (ဒါရိုက်တာ-ဦးသုခ)

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL CUP (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဥဿာယူနိုက်တက် F.C နှင့် ရန်ကုန်ယူနိုက်တက် F.C)
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ ကာတွန်းအစီအစဉ် Bugs Adventures (အပိုင်း-၁၄)
၆:၄၀ ၆။ တစ်မျက်နှာတစ်ကွက်စာ **အမည်သညာခေါ်စရာကာ** မိုးထက်ပိုင်၊ ကြည်နူးနိုင်၊ ဖြိုးပိုပို၊ ခင်မျိုးအေးဗို [ဒါရိုက်တာ-မေတင် (MMG)]
၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း-၁၀)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ **ကာတွန်းအစီအစဉ်** တောကောင်ငယ် သိုင်းညီနောင်လေးများ (အပိုင်း-၂၇)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန် ချစ်အိပ်မက်** (အပိုင်း-၁၀)
၁၃။ ရုပ်သံကြော်ငြာများ

မီးမှန်သမျှ သုံးတတ်က မချမ်းဘေး စဉ်ကင်းဝေး

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ POSCO မှ Senior Vice President Mr. Baek Sung-Kawn နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်အား POSCO Steel Company မှ Senior Vice President Mr. Baek Sung-Kawn နှင့်အဖွဲ့သည် မေ ၁၉ရက် ညနေ ၄နာရီခွဲက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး POSCO Steel Company အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အိမ်ရာမြေအဆောက်အအုံလုပ်ငန်း စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၂)ရပ်ကွက်၌ စက်ရေတွင်း ခုနစ်တွင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၂) ရပ်ကွက်နေ ပြည်သူများ သောက်သုံးရေ လုံလောက်မှုရှိစေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ပြီးစီးသော စက်ရေတွင်းများ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်၍ ဖွင့်လှစ်ပေးရာ ရှေးဦးစွာ ရတနာပုံလမ်းရှိ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားတွင် မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မြို့တော်ဝန်က ရေဘားများကိုဖွင့်၍ ရေစတင်လွှတ်ပေးပြီး ရေအရည်အသွေးကောင်းမွန်မှုနှင့် ပြည်သူများသောက်သုံးရေ သယ်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၂) ရပ်ကွက် ပဒုမ္မာလမ်းရှိ စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (မြို့တော်စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ မြတ်လေး (၆) လမ်း၊ စိန်ခြယ်လမ်း၊ ပဒုမ္မာလမ်း၊ ဒေါနလမ်း၊ ပျဉ်းမပင်လမ်းနှင့်

❐ ရှေ့ဖုံးမှ

ကျေးလက်

နိုင်ငံလူဦးရေ၏ ၇၀ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်၍ ကျေးလက်ဒေသများအထိ ကွင်းဆင်းကာ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း လုပ်ဆောင်ပေးသကဲ့သို့ ဆေးရုံ၊ ဆေးပေးခန်းများကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာနိုင်ငံအလယ်ပိုင်း မကွေးဆေးတက္ကသိုလ်အနီးရှိ ခုတင်(၂၀၀)ဆံ့ သင်ကြားရေးဆေးရုံကို ၂၀၀၇ခုနှစ် နိုဝင်ဘာလစရက်က ဖွင့်လှစ်ပေးခဲ့သည်။

ကုသပေး

သင်ကြားရေးဆေးရုံဖြစ်ကာ ဆေးတက္ကသိုလ်နှင့် နီးသောကြောင့် ပါရဂူဘွဲ့ရ ဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပြီး ဆေးကျောင်းသားများအတွက်လည်း အထောက်အကူဖြစ်စေပေသည်။

အထောက်အကူပြု

ပတ်ဝန်းကျင် ကျေးရွာများအတွက် ကျန်းမာရေး အခက်အခဲကြုံပါက ကူညီဖြေရှင်းပေးနိုင်ရန် ဆေးရုံအတွင်း ပစ္စည်းကိရိယာများနှင့်ဆေးဝါးများလည်း စုံလင်စွာထားရှိပေးထားရာ ခုတင်(၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ(မကွေး)သည် ကုသရေးသာမက သင်ကြားရေးကိုပါ များစွာအထောက်အကူပြုလျက်ရှိပါကြောင်း စေ့ငုတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကွင်းဆင်းကြည့်ရှု

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ပိန်းဆာကျေးရွာ ရေရရှိရေးလုပ်ငန်းကို မေ၁၄ရက်က အမှုဆောင်အရာရှိ ဦးခင်စောနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွန်းတို့ ကွင်းဆင်းကြည့်ရှုစဉ်။ (သတင်းစဉ်)

Myanmar Double Strong Sepaktakrow Champion 2010 (Mandalay)

ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၂

မန္တလေးတိုင်း အားကစားနှင့်ကာယပညာကော်မတီနှင့် Myanmar Double Strong တို့ ပူးပေါင်းကျင်းပသော Myanmar Double Strong Sepaktakrow Champion 2010 (Mandalay) ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၁ရက် မွန်းလွဲ ၂နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးညဏ်ထွန်းနှင့် အမှုဆောင်များ၊ မြန်မာဘရူဝါရီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေဝင်း (ငြိမ်း)၊ မန်နေဂျင်းဒါရိုက်တာ Mr. Peter Ong နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဆုပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား နှစ်ယောက်တွဲ လူသစ်တန်းပြိုင်ပွဲ၌ တတိယဆုရ သန့်စင်ထွန်း(ခ) အသင်းအား မြန်မာဘရူဝါရီလီမိတက် မန်နေဂျင်းဒါရိုက်တာ Mr. Peter Ong ကလည်းကောင်း၊ ဒုတိယဆုရ ADM (က) အသင်းအား မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁)တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်နိုင်သူက လည်းကောင်း၊ ပထမဆုရ ပါကေး(က)အသင်းအား မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးညဏ်ထွန်းကလည်းကောင်း ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသား သုံးယောက်တွဲ အလွတ်တန်းပြိုင်ပွဲတွင် တတိယဆုရ ပါကေး(ခ)အသင်းအား မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးအုန်းလွင်ကလည်းကောင်း၊ ဒုတိယဆုရ ADM အသင်းအား

မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေဝင်း (ငြိမ်း)ကလည်းကောင်း၊ ပထမ တံခွန်စိုက်ဆုဖလားရရှိသော ကြယ်တံခွန် (က)အသင်းအား အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်ကလည်းကောင်း **(အပေါ်ပုံ)**ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ၌ မိုးပိုလာမည်

နေပြည်တော် မေ ၂၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ အနောက်တောင်မုတ်သုံလေသည် လွန်ခဲ့သော၂၄နာရီအတွင်းက မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၄ ဒသမ ၈၀ လက်မ၊ စစ်တွေမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ သီပေါမြို့တွင် ၂ဒသမ ၉၉ လက်မ၊ ဇောင်းတူမြို့တွင် ၂ ဒသမ ၉၂ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၈၄ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ နေပြည်တော် (ပျဉ်းမနား)နှင့် နေပြည်တော် (သပြေကုန်း)တို့တွင် ၂ ဒသမ ၅၂ လက်မစီနှင့် မုံရွာမြို့တွင် ၂ ဒသမ ၄၈ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ၁၂နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့ (Visakhapatnam) အနီးတွင်တည်ရှိခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် အားပျော့ကာ လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ရောက်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေ ၂၃ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်နိုင်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြဝတီခရိုင် မြဝတီမြို့နယ် အမှတ် (၄)ရ
နှင့် ဖွံ့ဖြိုးရေးကောင်စီက နွေရာသီ ရေခက်ခဲနေသည့်
သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းခြင်းကို မေ ၁၉ရက်က
ရာ မီးသတ်ယာဉ် နှစ်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ်
ခရိုင်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ၊
ပြည်သူများအား သန့်ရှင်းသော သောက်သုံးရေများ ဖြန့်

ကမ္ဘောဇနဲ့ လ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ
ကျင်းပရာ ကမ္ဘောဇအသင်းနဲ့ လက်ရှိချန်ပီယံ

သုဝဏ္ဏကွင်း

ကမ္ဘောဇ - သုံးဂိုး။
ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ။

ထိပ်ဆုံးက ဇေယျာရွှေမြေနဲ့ အမှတ်တူဖို့အတွက် ကမ္ဘောဇတို့ အနိုင်ကစားခဲ့ပေမယ့် အမှတ်ပေးဇယားအောက်ဆုံးက ဇွဲကပင်ယူနိုက်တက်အသင်းရဲ့ ရုန်းကန်မှုကြောင့် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရပါတယ်။ ကမ္ဘောဇတို့ အကောင်းဆုံးခြေစွမ်းမျိုး မရခဲ့တာကြောင့်လည်း ပုံမှန်ထက် အားပိုထည့်ခဲ့ပြီး ဂိုးရရှိဖို့ ရုန်းကန်ခဲ့ရပါတယ်။ အခုပွဲမှာသာ ဇွဲကပင်ကို လေးဂိုးပြတ်နဲ့ အထက်အနိုင်ရခဲ့ရင် အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ကမ္ဘောဇတို့ ပြန်လည်ရယူနိုင်မှာဖြစ်ပေမယ့် သုံးဂိုးပြတ်နဲ့သာ အနိုင်ရခဲ့တာကြောင့် ဇေယျာရွှေမြေနဲ့ ရမှတ်ရော သွင်းဂိုး၊ ပေးဂိုးတူပြီး ထိပ်ဆုံးနေရာမှာ ပူးတွဲ ရပ်တည်နိုင်ခဲ့ပါတယ်။

လူစုံပါဝင်

ခင်မောင်လွင်၊ မိုးဝင်း၊ ကျော်ဇင်ထက်၊ စိုးမင်းဦးတို့ ကမ္ဘောဇမှာ လူစုံပါဝင်ခဲ့ပေမယ့် ဇွဲကပင်ယူနိုက်တက်ကို အသာစီးကနေ မကစားနိုင်ခဲ့ပါဘူး။ တိုက်စစ်တွဲလုံးတွေ မထိရောက်သလို ဇွဲကပင်ကလည်း ခံစစ်မှာ စုပြုံကစားခဲ့တာကြောင့် ကမ္ဘောဇတို့ ဂိုးရဖို့ ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။ ၃၅မိနစ်ကျမှ ကွင်းလယ်လူ အောင်ကျော်ဦးက ကမ္ဘောဇအတွက် အဖွင့်ဂိုး စတင် သွင်းယူခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ ကမ္ဘောဇတို့ ဂိုးသွင်းခွင့် ပိုရခဲ့ပြီး ၅၈မိနစ်မှာ

(၂၂)ရပ်ကွက်၌ ... အနားကျင်းပ

...အောင်သိန်းလင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ...လမ်းရှိ စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် (မြို့တော်စည်ပင်)

...လမ်း၊ စိန်ခြယ်လမ်း၊ ပဒုမ္မာလမ်း၊ ...လး (၆) ဒေါနလမ်း၊ ပျဉ်းမပင်လမ်းနှင့် စွယ်တော်ပတ်လမ်းတို့ရှိ စက်ရေတွင်းများဖွင့်ပွဲ အခမ်းအနားများတွင် မြို့တော်ဝန်၊ တွဲဖက်အတွင်းရေးမှူး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူးနှင့် တာဝန်ရှိသူများက စက်ရေတွင်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့တော်ဝန်က ရေဘားများကို ဖွင့်လှစ်၍ ရေစတင်လွှတ်ပေးကာ ရေအရည်အသွေး ကောင်းမွန်မှုနှင့် ပြည်သူများ သယ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြန့်ဝေပေးနိုင်

ယနေ့ဖွင့်လှစ်သော ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၂)ရပ်ကွက်ရှိ စက်ရေတွင်းများသည် အချင်း နှစ်လက်မစီရှိ စက်ရေတွင်းများဖြစ်ပြီး တစ်နာရီလျှင် ရေဂါလန် ၁၀၀၀ စီ ထွက်ရှိကာ အိမ်ခြေပေါင်း ၇၀၀၀ ကျော်ကို သောက်သုံးရေ လုံလောက်စွာ ဖြန့်ဝေပေးနိုင်မည် ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြို့တော်ဝန်သည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁၇) အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်၍ တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီခရိုင် မြဝတီမြို့နယ် အမှတ် (၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နွေရာသီ ရေခက်ခဲနေသည့် ကျေးရွာများအား သန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းခြင်းကို မေ ၁၉ရက်က မြေနီကုန်းကျေးရွာတွင်ကျင်းပရာ မီးသတ်ယာဉ် နှစ်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ် ငါးစီး စုစုပေါင်း ခုနစ်စီးဖြင့် ခရိုင်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ မြေနီကုန်းကျေးရွာရှိ ကျေးရွာနေပြည်သူများအား သန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းစဉ်။ (၁၀၁)

သန်လျင်မြို့နယ်အတွင်းရှိ ကျေးလက်စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် မေ ၂၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်း ခရိုင်ရုံး(သန်လျင်)မှ မြို့နယ်ဦးစီးမှူး ဒေါ်မူမူတင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၁၀ရက်က သန်လျင်မြို့နယ် ကုလားဝဲကျေးရွာ၊ ငါးပြေမကျေးရွာ၊ သနပွင်ကျေးရွာများသို့ ကွင်းဆင်း၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စာကြည့်တိုက် ကော်မတီများနှင့် တွေ့ဆုံကာ ကျေးလက်စာကြည့်တိုက်များ ဆောက်လုပ်ပြီးစီးမှု၊ ဖွင့်လှစ်ပြီးစီးမှု စံ(၅)ရပ်နှင့်အညီဖွင့်လှစ်ပြီး ကျေးလက်စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး တွေ့ဆုံ ဆွေးနွေးသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

အလားတူ မေ ၁၂ရက်ကလည်း သန်လျင်မြို့နယ်သူဌေးကွင်းစံပြကျေးရွာ၊ ကရင်ဆိပ်စံပြကျေးရွာများရှိ ဖွင့်လှစ်ပြီး ကျေးလက်စာကြည့်တိုက်များသို့ ကွင်းဆင်းကြည့်ရှုပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခင်မျိုးနိုင် အုတ်တွင်းမြို့နယ် မျက်နီကွင်းကျေးရွာအုပ်စု လှေဆွဲမြောင်းကျေးရွာရှိ ရေလုပ်ငန်းလုပ်ကိုင်သူများ၊ ရေလုပ်သားများ၊ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံ၍ ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ငါးရစ်၊ ငါးသန်ကာလဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်လများတွင် ငါးရစ်၊ ငါးသန်များအား ဖမ်းဆီးခြင်းမပြုလုပ်ရေး၊ ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်းနှင့် အဆိပ်ချ၍ ငါးဖမ်းခြင်းများ မပြုလုပ်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေး ဟောပြောစဉ်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၉)ထွက်ရှိ

ရန်ကုန် မေ ၂၂

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၉)၌ ကွမ်းခြံကုန်းအပိုင်အတွင်း ဓားပြတိုက်မှုဖြစ်ပွား ရွာသားနှစ်ဦးသေဆုံး ၁၃ဦးဒဏ်ရာရ၊ သစ်လုံးတင်ယာဉ်တိမ်းမှောက်ရာမှ လူသုံးဦး ပွဲချင်းပြီး သေဆုံးမှုဖြစ်ပွား၊ မိုးကြိုးပစ်ခံရ၍ သေဆုံးပြီဟုအထင်ခံရသူ အသက်ပြန်ရှင်လာ၊ ကလပ်မယ်မ သွားလေသမျှ ရဲတပ်ဖွဲ့က ရက်ပိုင်းအတွင်း ဖော်ထုတ်ပေးနိုင်ခဲ့၊ ဆိုင်ကလုန်းလိုင်လာ မုန်တိုင်းငယ်အဖြစ် ပြန်လည်အားပျော့မည့် အခြေအနေဖြစ်ပေါ်နေ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရခိုင်နှင့် ချင်းတွင်းဌာနခွဲများသို့ သတိပေးချက်ထုတ်ပြန်ပေးထား၊ ဒူဘိုင်းကုမ္ပဏီက မြန်မာဟိုတယ်ဝန်ထမ်း ၁၅၀ကို ဝန်ဆောင်ခစရိတ်ငြိမ်းခေါ်မည်၊ ငွေတစ်ထောင်တန်အတုများကို လက်ဝယ်ကိုင်သုံးနေသော မိသားစု သုံးဦးအား ဖမ်းဆီးခဲ့၊ အပူချိန်မြင့်မားလွန်ပါက ဦးနှောက်အတွင်းရှိ အပူချိန်ထိန်းညှိပေးသောစင်တာ ပျက်စီးကာ ကလေးများအသက်ဆုံးရှုံးနိုင် စသည့်ပြည်တွင်းသတင်းများနှင့်အတူ ဆရာဘုန်းလူလှရေးသော နိုင်ငံရေးမိတ်ဆက် ‘နိုင်ငံရေးသဘောတရားများ’ ဦးစောဆေးဝါး-အထွေထွေအတွင်းရေးမှူး-ကရင်ပြည်သူ့ပါတီနှင့် တွေ့ဆုံခြင်း Political Column၊ မလီခမြစ်ဘေးနားက ရွှေများထွက်ရာ မလီယန်ရွာ Myanmar Discovery၊ စာရေးဆရာ အဆိုတော် ရှပ်ရှင်မင်းသား(ဦး)သုမောင်အတွက် အလွမ်းစာ သို့မဟုတ် သဘာဝအုပ်စုထဲက သုမောင် Myanmar Channel၊ စိတ္တဇညများ ကုန်ဆုံးလွန်မြောက်ပါစေ၊ နယ်သတင်းသမားရဲ့သတင်း စကားကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

ဖြန့်ချီ

ဘီလ်ကလင်တန်က သူ့ကိုယ်သူရောင်းချ၍ ဇနီးသည်၏ကြွေးမြီကို ဆပ်ရန် ကြံစည်၊ တရုတ်၏အနာဂတ်နှင့်ပတ်သက်၍ လီကွမ်ယုဖွင့်ဟ၊ လူသတ်မှုကျူးလွန်ခဲ့ခြင်းမရှိဘဲ အကျဉ်းထောင်ထဲတွင် ၁၀နှစ်ကြာ ပြစ်ဒဏ်ကျခံခဲ့ရ၊ ဆန်စေ့ပေါ်မှ ပန်းချီရေးခြယ်၊ ၂၀၁၄တွင် အီရန်၏ဒုံးကျည်က ဥရောပကို ပစ်မှတ်ထားဖွယ်ရှိ၊ တောင်အာဖရိကတွင် အလုပ်သမား သပိတ်မှောက်ဆန္ဒပြမှုက ကမ္ဘာ့ဖလားဘောလုံးပွဲကို ထိခိုက်စေမည်လား၊ ဖလားနှစ်လုံးပိုင်ချန်ပီယံ လန်ဒန်မြို့တွင် အောင်ပွဲခံစသည့် နိုင်ငံတကာ သတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချီလိုက်ပြီဖြစ်သည်။ ***(သတင်းစဉ်)***

ကမ္ဘောဇနဲ့ လက်ရှိချန်ပီယံ ရတနာပုံတို့ ဂိုးပြတ်အနိုင်ရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း ➤ မိုးသော်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု ➤ ယဉ်ယဉ်အေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၂

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)ကို ယနေ့ ညနေ၄နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနဲ့ မန္တလေးမြို့ရှိ ဗထူးကွင်းတို့၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းနဲ့ လက်ရှိချန်ပီယံ ရတနာပုံအသင်းတို့ နိုင်ပွဲတွေရရှိခဲ့ကြပါတယ်။

သုဝဏ္ဏကွင်း

ကမ္ဘောဇ - သုံးဂိုး။
ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ။

ထိပ်ဆုံးက ဧယျာရွှေမြေနဲ့ အမှတ်တူဖို့အတွက် ကမ္ဘောဇတို့ အနိုင်ကစားခဲ့ပေမယ့် အမှတ်ပေးဇယားအောက်ဆုံးက ဇွဲကပင်ယူနိုက်တက်အသင်းရဲ့ ရုန်းကန်မှုကြောင့် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရပါတယ်။ ကမ္ဘောဇတို့ အကောင်းဆုံးခြေစွမ်းမျိုး မရခဲ့တာကြောင့်လည်း ပုံမှန်ထက် အားပိုထည့်ခဲ့ပြီး ဂိုးရရှိဖို့ ရုန်းကန်ခဲ့ရပါတယ်။ အခုပွဲမှာသာ ဇွဲကပင်ကို လေးဂိုးပြတ်နဲ့ အထက် အနိုင်ရခဲ့ရင် အမှတ်ပေးဇယား ထိပ်ဆုံးနေရာကို ကမ္ဘောဇတို့ ပြန်လည်ရယူနိုင်မှာဖြစ်ပေမယ့် သုံးဂိုးပြတ်နဲ့သာ အနိုင်ရခဲ့တာကြောင့် ဧယျာရွှေမြေနဲ့ ရမှတ်ရော သွင်းဂိုး၊ ပေးဂိုးတူပြီး ထိပ်ဆုံးနေရာမှာ ပူးတွဲ ရပ်တည်နိုင်ခဲ့ပါတယ်။

လူစုံပါဝင်

ခင်မောင်လွင်၊ မိုးဝင်း၊ ကျော်ဇင်ထက်၊ စိုးမင်းဦးတို့ ကမ္ဘောဇမှာ လူစုံပါဝင်ခဲ့ပေမယ့် ဇွဲကပင်ယူနိုက်တက်ကို အသာစီးကနေ မကစားနိုင်ခဲ့ပါဘူး။ တိုက်စစ်တွဲလုံးတွေ မထိရောက်သလို ဇွဲကပင်ကလည်း ခံစစ်မှာ စုပြုံကစားခဲ့တာကြောင့် ကမ္ဘောဇတို့ ဂိုးရဖို့ ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။ ၃၅မိနစ်ကျမှ ကွင်းလယ်လူ အောင်ကျော်ဦးက ကမ္ဘောဇအတွက် အဖွင့်ဂိုး စတင် သွင်းယူခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ ကမ္ဘောဇတို့ ဂိုးသွင်းခွင့် ပိုရခဲ့ပြီး ၅၈မိနစ်မှာ ဟန်ဝင်းအောင်က ဒုတိယဂိုး၊ ၆၁မိနစ်မှာ စိုးမင်းဦးက တတိယဂိုးတို့ကို သွင်းယူခဲ့ပါတယ်။ ဇွဲကပင်အသင်းဟာ အခုပွဲမှာ ပထမဆုံးဂိုးရဖို့ အခွင့်အရေးတွေ ရခဲ့ပေမယ့် အသုံးမချနိုင်ခဲ့ပါဘူး။ ပွဲအစ တစ်မိနစ် မပြည့်ခင်မှာ ချစ်ကိုကိုထွေး အပိုင်ကန်ခွင့်ရပေမယ့် အသုံးမချနိုင်ခဲ့တာကြောင့် ဇွဲကပင်တို့ ပွဲအဖြေကို မပြောင်းလဲနိုင်ဘဲ ဖြစ်သွားရပါတယ်။ အနိုင်ရခဲ့တဲ့ ကမ္ဘောဇအသင်းဟာ ဧယျာရွှေမြေထက် တစ်ပွဲပို၊ ရှစ်ပွဲကစားပြီး ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ၁၂ ဂိုးသွင်း၊ သုံးဂိုးပေး၊ ၁၇မှတ်စီတူပြီး အမှတ်ပေး ဇယားထိပ်ဆုံးမှာ ဧယျာရွှေမြေနဲ့ ပူးတွဲ ရပ်တည်နေပါတယ်။

ဗထူးကွင်း

ရတနာပုံ - နှစ်ဂိုး။
နေပြည်တော် - ဂိုးမရှိ။

ဧယျာရွှေမြေကို သရေကစားပြီးကတည်းက ရှုံးပွဲဆက်နေတဲ့ နေပြည်တော်အသင်းဟာ အခုပွဲမှာလည်း ရှုံးပွဲဆက်နေမှုကို မရပ်တန့်နိုင်ခဲ့ပါဘူး။ ရတနာပုံအသင်းကတော့ နှစ်ပွဲဆက် သရေတူနေရာကနေ နိုင်ပွဲပြန်ရခဲ့တာဖြစ်ပြီး အနိုင်ဂိုးတွေကို ၃၁မိနစ်မှာ ကိုနေးနဲ့ ၄၆ မိနစ်မှာ ရန်ပိုင်တို့က သွင်းယူပေးခဲ့ပါတယ်။ (မြန်မာ့အလင်း)

ယနေ့ပွဲ

ညနေ ၄ နာရီ

သုဝဏ္ဏကွင်း

ရန်ကုန်ယူနိုက်တက်
ဥဿာယူနိုက်တက်

ဗထူးကွင်း

ဒယ်လ်တာယူနိုက်တက်
မနောမြေ

ကမ္ဘောဇတိုက်စစ်မှူး စိုးမင်းဦး ဇွဲကပင်ယူနိုက်တက်အသင်းဘက်သို့ တိုက်စစ်ဆင် ဂိုးသွင်းနေစဉ်။ (မြန်မာ့အလင်း)

မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ယခုအချိန်အခါသည် ပူပြင်းပြီး မိုးကြိုကာလဖြစ်သည်နှင့်အညီ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်စေနိုင်ပါသည်။

သို့ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) တီဗွီ၊ ရေဒီယိုနှင့် FM ရေဒီယိုများမှ ထုတ်လွှင့်သော “မုန်တိုင်းသတင်း”နှင့် “မုန်တိုင်းသတိပေးချက်”များကို ကိုယ်တိုင်ဂရုတစိုက် ကြည့်ရှုနားထောင်ပါ၊ ကောလာဟလသတင်းများကို မယုံကြည်ပါနှင့်။

(၂) ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက “မုန်တိုင်းသတင်း”အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက “မုန်တိုင်းသတိပေးချက်”အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိပါသဖြင့် သတင်းထုတ်ပြန်ချက်များကို သေချာစွာ ဂရုပြုနားထောင်ပါ။

(၃) မုန်တိုင်းသတိပေးချက်အရ မိမိတို့နေထိုင်ရာဒေသသို့ အင်အားပြင်းထန်သည့် မုန်တိုင်း ဖြတ်သန်းဝင်ရောက်နိုင်ပါက မိမိ မိသားစုဝင်များအား ဘေးကင်းရာသို့ အမြန်ဆုံးရောက်နိုင်မည့်လမ်းကို အသုံးပြု၍ ကြိုတင်ရှောင်ရှားပါ။ အရေးကြီးပစ္စည်းများနှင့် ရေဒီယို၊ ဓာတ်မီး၊ သောက်ရေ၊ ကြာရှည်ခံအစားအစာ၊ ဆေးဝါး၊ မိမိပိုင် ကျွဲ၊ နွားများကို ယူဆောင်သွားနိုင်ရန် စီစဉ်ထားပါ။

(၄) ပင်လယ်ပြင် ငါးဖမ်းထွက်သူများ၊ နယ်ဝေးခရီးရှည် ထွက်ခွာသူများကိုလည်း မုန်တိုင်းသတိပေးချက် သိရှိနိုင်ရန် ဆက်သွယ်သတင်းပို့ပါ။

(၅) ကလေးသူငယ်များ၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်ရေး ဆောင်ရွက်ပါ။

(၆) ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများကို လုံခြုံစိတ်ချရသောနေရာတွင် စနစ်တကျ ထုပ်ပိုးသိမ်းဆည်းထားပါ။

(၇) မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်းဘေးလွတ်ကင်းနိုင်သည့် ခိုလှုံရာနေရာ၌ မိမိမိသားစုဝင်များအားလုံး ပြင်ပသို့ မထွက်ဘဲ နေထိုင်ပါ။ မိမိခိုလှုံသည့် အဆောက်အအုံသည် ပြိုကျနိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်များ၏အောက်တွင် ခိုလှုံနေထိုင်ပါ။

(၈) မုန်တိုင်းအန္တရာယ် ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်ရရှိမှသာ အဆောက်အအုံပြင်ပသို့ထွက်ပါ။ မိမိ မိသားစုဝင်များ ထိခိုက်မှုရှိပါက ဆေးကုသမှုခံယူပါ။

(၉) သက်ဆိုင်ရာမှ ထုတ်ပြန်သည့်သတင်းနှင့် အကြံပြုချက်များကိုသာ ယုံကြည်ပြီး လိုက်နာဆောင်ရွက်ပါ။

(၁၀) မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အပျက်အစီးများကို တာဝန်မရှိဘဲ လှည့်လည်ကြည့်ရှုခြင်း မပြုလုပ်ပါနှင့်။ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မထိမိစေရန် ရှောင်ရှား၍ နီးစပ်ရာလျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။

(၁၁) ဝမ်းရောဂါကျရောက်တတ်သဖြင့် ရေကိုကျိုချက်၍သောက်ပါ။ အအေးမိဖျားနာခြင်း မဖြစ်စေရန် နွေးထွေးစွာနေပါ။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ၏ အနှစ်သာရ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် (၅/၂၀၀၅)ဖြင့် ၁၃-၉-၂၀၀၅ရက်နေ့တွင် **"လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ"**ကို ပြဋ္ဌာန်းပေးခဲ့ပါသည်။ ယင်းဥပဒေပြဋ္ဌာန်းချက်သည် The highest authoritative statute law ဖြစ်သည်။ အခိုင်အမာဆုံးသော ပြဋ္ဌာန်းဥပဒေတစ်ရပ်ဖြစ်သည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးခြင်းကို တိုက်ဖျက်သည့် ကုလသမဂ္ဂစီစဉ် (UNIAP) တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်နှင့် မတ် ၁ရက်နေ့တို့တွင် ရန်ကုန်မြို့၌ အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

ထိုအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် **"လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ၏ အနှစ်သာရ"**ကို သတိပြုကြရန် အောက်ပါအတိုင်း ညွှန်ပြခဲ့ပါသည် -

"အလွန်အရေးကြီးသော လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဖြစ်ကြောင်း၊ ဤဥပဒေသည် နစ်နာသည့် လူကုန်ကူးခံရသူဘက်မှ မားမားမတ်မတ်ရပ်တည်ပြီး လူ့အခွင့်အရေးကို အခြေခံသော ဥပဒေတစ်ခုဖြစ်ကြောင်း၊ ထို့အပြင် အမျိုးသမီးနှင့် ကလေးသူငယ်များဘက်မှလည်း အထူးပြု ရပ်တည်ပေးကြောင်း။"

လူကုန်ကူးမှုနှင့် ဆက်နွှယ်နေသည့် **"ပြည့်တန်ဆာနှင့် လူအရောင်းအဝယ်"**ပြုလုပ်မှုကဏ္ဍကို အနည်းငယ်ဆွေးနွေးလိုပါသည်။

ပြည့်တန်ဆာနှင့် လူအရောင်းအဝယ်ပြုလုပ်ခြင်း

နိုင်ငံတော်တရားရုံးချုပ်က ညွှန်ကြားလွှာအမှတ် (၁၁/၅၅)ဖြင့် ၂၉-၇-၁၉၅၅ ခုနှစ်တွင် အောက်ပါညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည် -

"ပြည့်တန်ဆာနဲ့ လူအရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စကို နိုင်နင်းစွာ နှိပ်ကွပ်နိုင်ရန်အတွက် ရာဇဝတ်တရားသူကြီးများသည် ၁၉၄၉ခုနှစ် ပြည့်တန်ဆာပပျောက်ရေး အက်ဥပဒေပုဒ်မ-၆နှင့် ပုဒ်မ-၈များအပြင် ရာဇသတ်ကြီး ပုဒ်မ-၃၆၆ နှင့် ပုဒ်မ-၃၇၃တို့ကိုပါ အထူးဂရုပြု လေ့လာထားစေလိုသည်။ ထိုဥပဒေများတွင် အကျုံးဝင်သော လူအရောင်းအဝယ်ပြုလုပ်ခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည်များနှင့်စပ်သော အမှုများကို ရုံးတင်တရားစွဲသောအခါ တရားခံအပေါ်၌ ပြစ်မှုထင်ရှားတွေ့ရှိခဲ့ပါလျှင် မှတ်သားဟန့်တားလောက်သော အပြစ်ဒဏ်များ ချမှတ်သင့်သည်ကို သတိပြုစေလိုပါသည်။ အထူးသဖြင့် ကြိမ်ဒဏ်ပါ တွဲဖက်စီရင်နိုင်သော အမှုများတွင် ထောင်ဒဏ်အပြင် ကြိမ်ဒဏ်လည်း ထည့်သွင်းစီရင်ရန် လိုလားအပ်ကြောင်း သတိပြုစေလိုသည်။ သို့မှသာလျှင် ဥပဒေ၏ရည်ရွယ်ချက် အထမြောက် အောင်မြင်နိုင်ပေမည်။"

အထက်ပါညွှန်ကြားချက်တွင် ယခင်အခေါ် ရာဇသတ်ကြီး(ယခုအခေါ် ပြစ်မှုဆိုင်ရာ ဥပဒေ)ပုဒ်မ-၃၆၆နှင့် ပုဒ်မ-၃၇၃တို့ ပါရှိသဖြင့် ယင်းဥပဒေပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ အနည်းငယ် အသိပေးလိုပါသည်။

ပုဒ်မ ၃၆၆-က။ အနိုင့်အထက် ပြုခြင်းဖြင့်ဖြစ်စေ၊ ကာမသွေးဆောင် ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ (၁၈)နှစ်အောက် မိန်းကလေးတစ်ယောက်ကို အခြားသူ တစ်ဦးတစ်ယောက်နှင့် မတရားသဖြင့် ကာမစပ်ယှက်စေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ အနိုင့်အထက်ပြုခြင်း၊ သို့တည်းမဟုတ် ကာမသွေးဆောင်ခြင်း ခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ထိုမိန်းကလေးအား တစ်နေရာ ထွက်သွားစေရန် သို့တည်းမဟုတ် ပြုလုပ်မှုတစ်ခုခုကိုပြုစေရန် မည်သူမဆို တစ်နည်းနည်းဖြင့် ထိုမိန်းကလေးကို သွေးဆောင်လျှင်၊ ထိုသူကို (၁၀)နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ပုဒ်မ ၃၆၆-ခ။ အသက်(၂၁)နှစ်အောက် မိန်းကလေးတစ်ဦးကို အခြားသူ တစ်ဦးတစ်ယောက်နှင့် မတရားသဖြင့် ကာမစပ်ယှက်စေအောင် မိမိကသော်လည်းကောင်း၊ တစ်ပါးသူကသော်လည်းကောင်း၊ အနိုင့်အထက်ပြုရန် သို့တည်းမဟုတ်၊ ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ မည်သူမဆို ထိုမိန်းကလေးကို ပြင်ပနိုင်ငံတစ်ခုခုမှ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ သွင်းလျှင် ထိုသူကို (၁၀)နှစ်အထိ ထောင်ဒဏ်အမျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ပုဒ်မ-၃၆၆(က)မှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အသက်(၁၈)နှစ်အောက် မိန်းကလေးကို ပြည့်တန်ဆာလုပ်စေခြင်းမှ ကာကွယ်ရန်ဖြစ်သည်။

ပုဒ်မ-၃၆၆(ခ)မှာ အသက် (၂၁)နှစ်အောက် မိန်းကလေးကို ပြည်ပမှ ပြည့်တန်ဆာလုပ်ငန်းအတွက် သွင်းယူခြင်းကို တားဆီးစေရန်ဖြစ်သည်။

မိန်းကလေးများအား ပြည့်တန်ဆာအဖြစ် ရောင်းချခြင်းကို နှိပ်ကွပ်ရန်အလို့ငှာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ကို အတည်ပြုသည့်အနေဖြင့် ၁၉၂၄ခုနှစ်တွင် ပုဒ်မ-၃၆၆(က)နှင့် ပုဒ်မ-၃၆၆(ခ)တို့ကို ပြဋ္ဌာန်းခဲ့သည်။

အများပြည်သူ၏ ကိုယ်ကျင့်တရားထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး မိန်းမတစ်ဦးဦး၏ အကျင့်သိက္ခာအပေါ် အဓိကမထားသဖြင့် မိန်းကလေး၏အလိုတူချက် ရှိ/မရှိ စဉ်းစားရန်မလိုပေ။ ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်း ထင်ရှားက မိန်းကလေး သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ပြစ်မှုမြောက်သည်။ အလိုတူသည့်အကြောင်းကြောင့် ပြစ်မှုအတိုင်းအတာ မယုတ်လျော့ပါ။

ပုဒ်မ-၃၇၃။ ပြည့်တန်ဆာကိစ္စအလို့ငှာဖြစ်စေ၊ တစ်ဦးတစ်ယောက်သောသူနှင့် မတရားသဖြင့် ကာမစပ်ယှက်ရန်ကိစ္စအလို့ငှာ ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သည့် အကျင့်ဖောက်ပြားသောကိစ္စ အလို့ငှာ ဖြစ်စေ၊ မည်သည့် အသက်အရွယ်၌မဆို စေခိုင်းရန်၊ သို့တည်းမဟုတ် အသုံးပြုရန် အကြံဖြင့်သော်လည်းကောင်း၊ အဆိုပါ ကိစ္စတစ်ခုခုအလို့ငှာ ထိုသို့စေခိုင်းခြင်းခံရမည် ဖြစ်တန်ရာသည်ကို သို့တည်းမဟုတ် ထိုသို့ အသုံးပြုခြင်းခံရမည်ကို ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ မည်သူမဆို အသက်(၁၈)နှစ်အောက်ရှိသူအား ဝယ်လျှင်၊ သို့တည်းမဟုတ် ငှားယူလျှင်၊ သို့တည်းမဟုတ် အခြားနည်း လက်ရှိရယူလျှင် ထိုသူကို (၁၀)နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ဒုတိယရဲမှူးအေးစံ(ရဲဗလ)

ရှင်းလင်းချက်-၁။ အသက်(၁၈)နှစ်အောက် မိန်းမတစ်ဦးကို ဝယ်သော သို့တည်းမဟုတ် ငှားယူသော သို့တည်းမဟုတ် အခြားနည်း လက်ရှိရယူသော ပြည့်တန်ဆာဖြစ်စေ၊ ပြည့်တန်ဆာအိမ်ထားရှိသောသူ သို့တည်းမဟုတ် စီမံကြီးကြပ်သောသူဖြစ်စေ ထိုသို့မပြုကြောင်း သက်သေထင်ရှားမရှိသမျှ ထိုမိန်းမအား ပြည့်တန်ဆာကိစ္စအလို့ငှာ အသုံးပြုရန်အကြံဖြင့် လက်ရှိရယူသည်ဟု မှတ်ယူရမည်။

ရှင်းလင်းချက်-၂။ မတရားသဖြင့် ကာမစပ်ယှက်ခြင်းဆိုသည်မှာ ပုဒ်မ-၃၇၂ပါ အဓိပ္ပာယ်နှင့် ထပ်တူဖြစ်သည် -

ပုဒ်မ-၃၇၃သည် အရွယ်မရောက်သေးသည့် မိန်းကလေးများအား ပြည့်တန်ဆာအဖြစ် ဝယ်ခြင်း၊ ငှားယူခြင်း၊ အခြားနည်းလမ်းဖြင့် လက်ရှိဖြစ်ခြင်းမှ ကာကွယ်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဤဥပဒေပြဋ္ဌာန်းချက်ပါ စကားရပ်များအရ မိန်းကလေးသာမက ယောကျ်ားကလေးများနှင့်လည်း အကျုံးဝင်သည်ကို တွေ့ရှိရသည်။

ပုဒ်မ-၃၆၆(က)မှာမူ ပြည့်တန်ဆာခေါင်းများအား ရည်ရွယ်၍ ပြဋ္ဌာန်းထားရှိသည့် ပုဒ်မတစ်ခုဖြစ်သည်ကို တွေ့ရသည်။

၂၉-၃-၁၉၆၁ရက်နေ့တွင် နိုင်ငံတော်တရားရုံးချုပ်က ညွှန်ကြားလွှာအမှတ် (၉/၆၁)ဖြင့် **"ပြည့်တန်ဆာပပျောက်ရေး (ပြင်ဆင်ချက်) ဥပဒေ"**နှင့် ပတ်သက်၍ အောက်ပါညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည် -

၁၉၄၉ ခုနှစ် ပြည့်တန်ဆာပပျောက်ရေး အက်ဥပဒေပုဒ်မ-၆ကို ၁၉၅၈ ခုနှစ် ပြည့်တန်ဆာပပျောက်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ ပုဒ်မ-၅ အရ ပြင်ဆင်ထားပါသည်။

အဆိုပါ ပြင်ဆင်ချက်အရ ပြစ်ဒဏ်မှ အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်နှစ်အောက်မနည်း၊ သုံးနှစ်ထက်မပိုသည့်ထောင်ဒဏ် အပြစ်ပေးနိုင်ပါသည်။ ထို့ကြောင့် ပြည့်တန်ဆာပပျောက်ရေး အက်ဥပဒေအရ ပြစ်မှုကျူးလွန်သူများအား မှတ်သားဟန့်တားလောက်သော ပြစ်ဒဏ်ကိုပေးရန် လိုအပ်ပါသဖြင့် အထက်ဖော်ပြပါ အက်ဥပဒေ၏ ပြင်ဆင်ချက်ကို အထူးသတိချပ်အပ်စေလိုပါသည်။ သို့မှသာလျှင် ဥပဒေ၏ ရည်ရွယ်ချက် အထမြောက် အောင်မြင်နိုင်ပေလိမ့်မည် ဖြစ်ပါသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေတွင် အထက်ပါ ဥပဒေပြဋ္ဌာန်းချက်များအပြင် လူ့အခွင့်အရေးကို အခြေခံပြီး အမျိုးသမီးများနှင့် ကလေးသူငယ်များဘက်မှ အထူးတလည် ကာကွယ်စောင့်ရှောက်သည့် ပြဋ္ဌာန်းချက်များကို ရေးဆွဲပြဋ္ဌာန်းထားရှိသည်။ ယင်းဥပဒေပုဒ်မ-၃တွင် ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လူကုန်ကူးမှု**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည် -

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင့်အထက်ပြုခြင်း၊
(၂) သွေးဆောင်ခေါ်ယူခြင်း၊
(၃) လိမ်လည်ခြင်း၊
(၄) လှည့်ဖြားခြင်း၊
(၅) အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊
(၆) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကို ပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း။

ရှင်းလင်းချက်(၁) ။ ။ ခေါင်းပုံဖြတ်ခြင်းဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် အခြားသူတစ်ဦး တစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စ ပြုလုပ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းကိုဖြစ်စေ၊ သူတစ်ပါးခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေ ပြုရာမှ ငွေကြေးကို သော်လည်းကောင်း၊ အကျိုးအမြတ် တစ်စုံတစ်ရာကို သော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း ပါဝင်သည်။

ရှင်းလင်းချက်(၂) ။ ။ ပြည့်တန်ဆာပြုခြင်း ဆိုသည်မှာ ငွေကြေး၊ အကျိုးအမြတ် သို့မဟုတ် အခြားအဖိုးစားနား တစ်ခုခုအတွက် ကာမစပ်ယှက်ရန် သို့မဟုတ် ကာမရာဂစိတ်ပေါ်ပေါက်ရန် အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးကို အခြားတစ်ဦးက တစ်စုံတစ်ရာ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ဆက်ဆံခြင်း သို့မဟုတ် အစီအစဉ်ချမှတ်ဆောင်ရွက်ခြင်းကို ဆိုသည်။

ရှင်းလင်းချက်(၃) ။ ။ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း ဆိုသည်မှာ ကြွေးမြီအတွက် ပေးဆပ်သည့်အနေဖြင့်ဖြစ်စေ၊ ကြွေးမြီအတွက် အာမခံပေးသည့် အနေဖြင့်ဖြစ်စေ အလုပ်လုပ်ကိုင်ပေးရမည့်ကာလနှင့် လုပ်ငန်းအမျိုးအစား တိကျမှုမရှိဘဲ သို့မဟုတ် ကြွေးမြီပြေကျေသည့်အထိ သင့်လျော်သည့် လုပ်အားတန်ဖိုးကို သတ်မှတ်ချက်မရှိဘဲ အလုပ်လုပ်ကိုင်ပေးစေခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးစေခြင်းကို ဆိုသည်။

(ခ) **ညစ်ညမ်းသည့်ပုံပြသခြင်း**ဆိုသည်မှာ ကာမရာဂစိတ်နိုးကြွစေရန် အလို့ငှာ ဖိုမဆက်ဆံမှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ လိင်အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ ကိုယ်တိုင်ပြသခြင်း၊ အမူအရာပြုလုပ်ပြသခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ရုပ်ရှင်ရိုက်ကူးပြသခြင်း သို့မဟုတ် ခေတ်မီနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ ပြသခြင်းကိုဆိုသည်။

အထက်ပါပြဋ္ဌာန်းချက်ကို သုံးသပ်ခြင်းဖြင့် အမျိုးသမီးများကို အသုံးပြု၍ ကာမရာဂကို နှိုးဆွစေသည့် အပြုအမူဖြင့် ကိုယ်ကျိုးစီးပွားရှာနေသူများ၊ ကာမအပေါ် ခေါင်းပုံဖြတ်သော ပြည့်တန်ဆာခေါင်းများနှင့် ကျေးကျွန်ကဲ့သို့ ခိုင်းစေသောသူများ၊ ကလေးသူငယ်များ၏လုပ်အားကို ခေါင်းပုံဖြတ်၍ ကျေးကျွန်ကဲ့သို့ ခိုင်းစေမှု၊ ကြွေးမြီဖြင့်နှောင်ဖွဲ့၍ ကျွန်ပြုလုပ်ဘိသကဲ့သို့ လုပ်အားအပေါ် မတရားခေါင်းပုံဖြတ်မှုတို့သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် သက်ဆိုင်မည်ဖြစ်သည်။ ယင်းဥပဒေက ခွင့်လွှတ်မည်မဟုတ်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ-၂၄တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါသည်-

ပုဒ်မ-၂၄။ မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၁၀)နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ-၂တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါသည်-

ပုဒ်မ-၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်နှင့် လေယာဉ် တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် နိုင်ငံခြားသားက ပြည်ပတွင် ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်။

အထက်ပါပြဋ္ဌာန်းချက်အရ ကျူးလွန်သောပြစ်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေအရဖြစ်စေ၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေအရဖြစ်စေ၊ အခြား တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ အရေးယူလောက်သော ပြစ်မှုကို ကျူးလွန်လျှင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ဖြစ်ပါမူ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရသာ အရေးယူစီရင်ရမည် ဖြစ်သည်။ ၁၉၇၃ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ-၃(ဆ)အရ ရှေးဦးကျသော ဥပဒေပြဋ္ဌာန်းချက်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်(၅/၂၀၀၅) လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေသည် ပြဋ္ဌာန်းဥပဒေဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေကို လွှမ်းမိုးမည်ဖြစ်သည်။ ထို့ကြောင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၏ အနှစ်သာရကို အများပြည်သူသိရှိစေရန် တင်ပြလိုက်ရပါသတည်း။ ။

23-5 (10).pmd 1 5/23/2010, 1:59 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

လီဗာပူးမှ တောရက်စ် ဘာစီလိုနာကို ရောက်တော့မှာလား....

ရေးသူ ➤ မောင်မောင်မြင့်ဆွေ | စာမျက်နှာဖွဲ့စည်းမှု ➤ လှဲ့လှဲ့ဝင်း (မြန်မာ့အလင်း)

လန်ဒန် မေ ၂၂

လီဗာပူးတိုက်စစ်မှူး တောရက်စ်ကို ချယ်လ်ဆီးက ဈေးကောင်းပေးပြီးဝယ်ယူဖို့ ပြင်ဆင်နေချိန်မှာဘာစီလိုနာက တောရက်စ်ကို ပေါင်သန်း ၇၀ပေးမယ်လို့ ဈေးပေးလိုက်ပြီဖြစ်ပါတယ်။

ဈေးကြီးပေး

ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီဟာ ချယ်လ်ဆီး တိုက်စစ်ကို အားသစ်လောင်းဖို့အတွက် ငွေကြေးပုံအောသုံးဖို့ ပိုင်ရှင်အီဗရာမိုဗစ်က ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ ခွင့်ပြုငွေကြေးကို ပေါင်သန်း ၆၀အထိ ဈေးပေးဖို့ ဆုံးဖြတ်ပြီးချိန်မှာ ဘာစီလိုနာတို့က အခုလို ဈေးကြီးပေးပြီး ကမ်းလှမ်းလိုက်ခြင်းဖြစ်ပါတယ်။

ဆန္ဒ

ဘာစီလိုနာဥက္ကဋ္ဌရဲ့ ဆန္ဒကတော့ တိုက်စစ်မှူး တောရက်စ်ကို အခုပေးတဲ့ဈေးထက် ပိုပေးပြီး ရအောင်ဝယ်ယူလိုတဲ့ဆန္ဒ ရှိနေပါတယ်။ အဲဒါကလည်း စပိန်တိုက်စစ်မှူး ဗီလာကို မေ ၁၉ရက်က ပေါင် ၃၄ဒသမ ၂သန်းပေးပြီး စာချုပ်ချုပ်ဆိုခေါ်ယူဖို့ သဘောတူညီမှု ရရှိခဲ့တာကြောင့် ဗီလာနဲ့တောရက်စ်အတွဲကို ဘာစီလိုနာမှာ ပုံဖော်ချင်လို့ ဖြစ်ပါတယ်။

ဒါ့အပြင် လာမယ့်ဘောလုံးရာသီမတိုင်ခင်မှာ ဘာစီလိုနာတိုက်စစ်မှူးတွေဖြစ်တဲ့ အွန်နရီနဲ့ အီဗရာဟင်မိုဗစ်တို့ အသင်းက ထွက်ခွာတော့မှာမို့ အမြန်ဆုံးအင်အားဖြည့်ဆည်းတဲ့ သဘောလည်း ပါဝင်နေပါတယ်။ တောရက်စ်ကိုခေါ်ယူဖို့ ငွေကြေးသုံးစွဲဖို့ လက်နေးမှာ မဟုတ်ဘူးလို့လည်း ဘာစီလိုနာအသင်းက ပြောကြားနေပါတယ်။



ငြင်းဆိုခဲ့

လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အောင်မြင်မှုမရခဲ့လို့ နည်းပြဘင်နီတက်ဇ်နဲ့ တောရက်စ်တို့ အသင်းက ထွက်ခွာတော့မယ်ဆိုတဲ့ သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒီသတင်းကို ဘင်နီတက်ဇ်က ငြင်းဆိုခဲ့ပြီး မိမိနဲ့ တောရက်စ်တို့ဟာ လီဗာပူးမှာ ဆက်ရှိနေမှာ ဖြစ်တယ်လို့ တုံ့ပြန်ခဲ့ပါတယ်။

တောရက်စ်ကတော့ ပြီးခဲ့တဲ့ ဘောလုံးရာသီ တစ်လျှောက်လုံးမှာ ဒဏ်ရာတွေနဲ့ လုံးပန်းနေခဲ့ရလို့ ပွဲတိုင်းပါဝင်ကစားခွင့် မရခဲ့ပါဘူး။ ဒါကြောင့် တောရက်စ်ဟာ အောင်မြင်မှုနဲ့ ဝေးကွာနေတဲ့ လီဗာပူးအသင်းက ထွက်ခွာဖို့ ဆန္ဒရှိခဲ့သူပါပဲ။ နောက်ပြီး လီဗာပူးအသင်းသားတွေရဲ့ စည်းလုံးမှုအက်ကြောင်းရှိနေတာကိုလည်း တောရက်စ် စိတ်ပျက်နေခဲ့ပါတယ်။ ဖြစ်နိုင်ရင် လီဗာပူးကနေပြီး ဘာစီလိုနာသို့မဟုတ် အခြားတစ်သင်းကို ပြောင်းရွှေ့ကစားလိုတဲ့ဆန္ဒ ပြင်းပြနေသူဖြစ်ပါတယ်။

အသက် ၂၆နှစ်သာရှိသေးတဲ့ တောရက်စ်ကို ချယ်လ်ဆီး အပါအဝင် မန်ယူကလည်း စိတ်ဝင်စားနေပါတယ်။ တိုက်စစ်အားနည်းနေတဲ့ မန်ယူအတွက် ဖာဂူဆန်ကလည်း တောရက်စ်အခြေအနေကို စောင့်ကြည့်နေပါတယ်။ တောရက်စ်ကတော့ ပရီမီယာလိဂ် ထိပ်တန်းအသင်းတစ်သင်းကိုပဲ ဦးစားပေးရွေးချယ်ဖို့ စဉ်းစားနေကြောင်း ပြောကြားနေပါတယ်။

ငွေကြေးအခက်အခဲ

ဒါပေမယ့် လီဗာပူး အသင်းပိုင်ရှင်တွေဖြစ်တဲ့ ဂျော့ဂီးလက်စ်တို့ကလည်း ဘာစီလိုနာတို့ပေးတဲ့ ပေါင်သန်း ၇၀ကို အာရုံကျနေတာမို့ ငွေကြေးအခက်အခဲကို ဖြေရှင်းတဲ့အနေနဲ့ တောရက်စ်ကို ရောင်းလိုတဲ့ဆန္ဒရှိနေကြပါတယ်။

ဒါကြောင့် တောရက်စ်ဟာ ဘာစီလိုနာကို ရောက်သွားမလားဆိုတာ စိတ်ဝင်စားစွာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ဖာဘရီဂက်စ်အား ခေါ်ယူရေး ဘာကာ အာဆင်နယ်သို့ ဆက်သွယ်

လန်ဒန် မေ ၂၂

ဖာဘရီဂက်စ်အား ခေါ်ယူစာချုပ်ရန်အတွက် ဘာကာက အာဆင်နယ်သို့ ဆက်သွယ်ခဲ့ကြောင်း စပိန်အားကစားသွန်ကြားရေးမှူး ဘီဂျာစတိန်းက ပြောကြားသည်။

ဆက်သွယ်

ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်အားခေါ်ယူသွားရန်အတွက် ဘာကာက အာဆင်နယ်သို့ အလေးအနက်ထား ဆက်သွယ်ခဲ့ကြောင်း ဘီဂျာစတိန်းက ပြောသည်။

အသက် ၂၃နှစ်ရှိ ဖာဘရီဂက်စ်က လွန်ခဲ့သော သီတင်းပတ်တွင် ဘာကာသို့ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟုဆို၏။ ၎င်းသည် ၂၀၀၃ ခုနှစ်က ဘာကာမှ အာဆင်နယ်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ သို့သော် ၂၀၁၄ ခုနှစ် ဇွန်လအထိ အာဆင်နယ်နှင့် စာချုပ်ထားသည်။

(အင်တာနက်)

တိုက်ဂါးဝုဒ်၏ ကမ္ဘာ့နံပါတ်တစ်နေရာ အင်္ဂလန်ကစားသမား သုံးဦး ချိန်ရွယ်

လန်ဒန် မေ ၂၂

တိုက်ဂါးဝုဒ်၏ ၂၅၈ပတ်ကြာ ကမ္ဘာ့နံပါတ်တစ်နေရာ စိုးမိုးထားမှုမှာ လာမည့်ဝမ့်ဝပ်ပြိုင်ပွဲမှစပြီး လွဲချော်လိမ့်မည်ဟု အင်္ဂလန်ထိပ်တန်းဂေါက်သီးကစားသမားများဖြစ်သည့် လီဝက်စ်ဝုဒ်၊ ပေါလ်တာနှင့် ပေါလ်ကာဆေးတို့က ယုံကြည်ထားကြသည်။

လွဲချော်ခဲ့

လူမှုရေးပြဿနာကြောင့် ငါးလကြာ အနားယူခဲ့ပြီးနောက် ပြန်ကစားသော်လည်း လက်ရည်ကျဆင်းကာ ဖလားများနှင့် လွဲချော်ခဲ့သဖြင့် တိုက်ဂါးဝုဒ်သည် ကမ္ဘာ့ထိပ်သီးဂေါက်သီးကစားသမားအဖြစ် စိုးမိုးထားမှုမှာ ခြိမ်းခြောက်ခံရလျက်ရှိသည်။

တိုက်ဂါးဝုဒ်၏ အမှတ်များဆက်တိုက်ကျဆင်းနေ၍ မကြာမီ မိမိတို့ သုံးဦး အနက်မှ တစ်ဦးသည် ကမ္ဘာ့နံပါတ်တစ် ဖြစ်လာနိုင်ကြောင်း ကမ္ဘာ့အဆင့် (၆) ရှိ ပေါလ်တာက ပြောကြားသည်။

(အင်တာနက်)

မော်ရိုကို တိုက်စစ်မှူး ချာမက် အာဆင်နယ်နှင့် စာချုပ်ပြီ

လန်ဒန် မေ ၂၂

မော်ရိုကို တိုက်စစ်မှူး ချာမက်အား အာဆင်နယ်က နှစ်ရှည်စာချုပ်ဖြင့်



ခေါ်ယူလိုက်ပြီဖြစ်သည်။ အသက် ၂၆နှစ်ရှိ ချာမက်သည် ဘော်ဒိုးနှင့် စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် အာဆင်နယ်သို့ အလွတ်ပြောင်းရွှေ့ရန် လွန်ခဲ့သည့် နွေရာသီကတည်းက ဆက်သွယ်မှုများ ပြုလုပ်ခဲ့သည်ဟုဆိုသည်။

ပြောင်းရွှေ့ကစားရေး

အာဆင်နယ်သို့ ပြောင်းရွှေ့ကစားရေးသည် မိမိ၏ ရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ ကလေးဘဝကတည်းက အာဆင်နယ် ကစားသမားဖြစ်လာရန် ဆန္ဒရှိခဲ့ကြောင်း ချာမက်က ပြောကြားသည်။

(အင်တာနက်)

စထရာဘတ်တင်းနစ်ဖိုလ်လုပွဲ ရှာရာပိုဗာနှင့် ခရစ္စတီးနားယှဉ်ပြိုင်မည်

စထရာဘတ် မေ ၂၂

ကမ္ဘာ့ထိပ်သီးတင်းနစ်မယ်ရှာရာပိုဗာသည် ပြင်သစ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် စထရာဘတ်အင်တာနေရှင်နယ် တင်းနစ်ပြိုင်ပွဲဖိုလ်လုပွဲအဖြစ် ဂျာမန်တင်းနစ်မယ်

ခရစ္စတီးနားဘာရို့ဆစ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရှာရာပိုဗာသည် အကြိုဖိုလ်လုပွဲတွင် ဂျူလီယာဂျော့ဂျက်အား အနိုင်ရပြီး ဖိုလ်လုပွဲသို့ တက်ရခြင်းဖြစ်သည်။

အခြားသော အကြိုဖိုလ်လုပွဲတွင် ဘာရို့ဆစ်က အမေရိကန် တင်းနစ်မယ် မီနီယာတင်းအား အနိုင်ရပြီး ဖိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာ ဘာကာနှင့် လေးနှစ်စာချုပ်

မက်ဒရစ် မေ ၂၂

ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာသည် ဘာစီလိုနာအသင်းသို့ ပေါင် ၃၄ဒသမ ၂သန်းဖြင့် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ယင်းအသင်းက ပြောကြားသည်။

စပိန်လက်ရွေးစင် တိုက်စစ်မှူး ဒေးဗစ်ဗီလာသည် ဘာစီလိုနာနှင့် လေးနှစ်စာချုပ် ချုပ်လိုက်ပြီဖြစ်သည်။ ဘာစီလိုနာက အာဆင်နယ်ကစားသမား ဖာဘရီဂက်စ်ကိုလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည်။အသက် ၂၈နှစ်ရှိ ဒေးဗစ်ဗီလာသည် ယူရို ၂၀၀၈တွင် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူးဖြစ်ပြီး ချယ်လ်ဆီးနှင့် မန်ယူတို့ကလည်း ခေါ်ယူရန်စိတ်ဝင်စားခဲ့သော တိုက်စစ်မှူးဖြစ်သည်။

တိုက်စစ်မှူးဗီလာ ဘာစီလိုနာသို့ ပြောင်းရွှေ့လာသဖြင့် ဇလက်တန်အီဗရာဟင်မိုဗစ်နှင့် တိုက်စစ်မှူး အွန်နရီတို့အတွက် အနာဂတ်ဝေဖန်မှုများ ပိုမိုတိုးပွားလာနိုင်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး - စုစည်းသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် ➤ စုစည်းသည်

အသင်းကြီးများ၏ကမ်းလှမ်းမှု ကာဟေးလ် ငြင်းရန်ခက်ခဲ

ဘော်လ်တန်ခံစစ်မှူး ဂယ်ရီကာဟေးလ်က ၎င်းအား အသင်းကြီးများက ကမ်းလှမ်းလာမှုကို ငြင်းပယ်ရန်ခက်ခဲသည်ဟု ဝန်ခံပြောကြားခဲ့ကြောင်း၊ ၎င်းအား မန်ယူနှင့် အာဆင်နယ်တို့က ခေါ်ယူရန် စိတ်ဝင်စားနေကြသည်ဟု သတင်းများ ထွက်ပေါ်ခဲ့ကြောင်း ဖော်ပြသည်။

အိုင်ယာလန်၏အနာဂတ် မန်စီးတီး၌မရေရာဟု ဖွင့်ဟ

မန်စီးတီးကွင်းလယ်ကစားသမား စတီဖင်အိုင်ယာလန်က နည်းပြမန်စီနီ၏ လက်ထက်တွင် မန်စီးတီး၌ ၎င်း၏အနာဂတ်မှာ မရေမရာဖြစ်နေကြောင်း ဖွင့်ဟပြောကြားသည်။

မာဆေးလ်မှ ဒိုနီအန်းအား လီဗာပူး ခေါ်ယူဖွယ်

လီဗာပူးအသင်းသည် ပြင်သစ်အသင်း မာဆေးလ်မှ ပေါင် ၁၄သန်းတန် တိုက်စစ်မှူး မာမက်ဒိုနီအန်းအား ခေါ်ယူဖွယ်ရှိကြောင်း၊ ၎င်းအား စာချုပ်ခေါ်ယူရေးအတွက် အဲလ်ဘတ်ရီရာ၊ ရိုင်ယန်ဘာဘယ်လ်၊ ဖိလစ်ဒီဂျင်နှင့် ဘီနာယောင်တို့အနက် တစ်ဦးဦးအား အလိုက်ပေးဖွယ်ရှိကြောင်း သိရသည်။

မိုဒရစ်နှင့် ဘာလီတို့အား ခေါ်ယူရန် မန်ယူပြင်ဆင်

မန်ယူအသင်းသည် စပါးကြယ်ပွင့်နှစ်ဦးဖြစ်သည့် လူကာမိုဒရစ်နှင့် ဂရက် ဘာလီတို့အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ပေးခေါ်ယူရန် ပြင်ဆင်နေသည်။

ဘတ်ဖွန်းနှင့် အာဆင်နယ်ကစားသမားတစ်ဦးကို ဂျူဗီလဲလှယ်လို

ဂျူဗင်းတပ်စ်အသင်းသည် ယင်း၏ဂိုးသမား ဂီယန်လွီဂျီဘတ်ဖွန်းနှင့် အာဆင်နယ်ကစားသမား သုံးဦးဖြစ်သည့် ဖာဘရီဂက်စ်၊ ရော်ဘင်ဗန်ပါစီနှင့် ဆက်ဂနာတို့ထဲမှ တစ်ဦးဦးနှင့် လဲလှယ်စာချုပ်ရန် စိတ်ဝင်စားနေသည်။

ဟီဂွါအင်အား ရောင်းချရန် ချယ်လ်ဆီးကို ရီရဲကမ်းလှမ်း

ချယ်လ်ဆီးအသင်းသည် လီဗာပူးတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်အား ခေါ်ယူရေး မအောင်မြင်ပါက အခြားခေါ်ယူနိုင်ရန် အခွင့်အရေးတစ်ရပ်အနေဖြင့် ရီရဲ မက်ဒရစ်က ယင်း၏ တိုက်စစ်မှူး ဂွန်ဇာလိုဟီဂွါအင်အား ပေါင် ၃၄သန်းဖြင့် ရောင်းချရန် ချယ်လ်ဆီးသို့ ကမ်းလှမ်းထားသည်။

မန်ယူမှ ပတ်ဂျီဆန်အား ခေါ်ယူရန် ဘိုင်ယန် စိတ်ဝင်စား

ချန်ပီယံလိဂ် ဗိုလ်လုပွဲရောက် ဂျာမန်ဘွန်ဒက်စ်လီဂါအသင်း ဘိုင်ယန်မြူးနစ်သည် မန်ယူမှ အသက် ၂၉နှစ်အရွယ်ရှိ တောင်ကိုရီးယားတောင်ပံကစားသမား ပတ်ဂျီဆန်အား ခေါ်ယူရေးအတွက် ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်းဖြင့် ကမ်းလှမ်းရန် စိတ်ဝင်စားနေသည်။

ဒီယာဘါတီအား ခေါ်ယူရေး အာဆင်နယ် ဆိုင်းငံ့

ရုရှားအသင်း ဒိုင်နမိုကိယက်ဗ်မှ ဗဟိုခံစစ်မှူး ပါပီမာလစ်ကူဒီယာဘါတီအား ပြောင်းရွှေ့ကြေး ပေါင် ၁၀သန်းဖြင့် စာချုပ်ခေါ်ယူရေးကို အာဆင်နယ်က ဆိုင်းငံ့ထားသည်။

ကာဒစ်ဖ်မှ လက်ဒ်လေအား ဘလက်ဘန်း စိတ်ဝင်စား

ယခုရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးနေပြီဖြစ်သည့် ချန်ပီယံရှစ်အသင်း ကာဒစ်ဖ်ကွင်းလယ်ကစားသမား ဂျိုးလက်ဒ်လေအား ဘလက်ဘန်းက ခေါ်ယူရန် စိတ်ဝင်စားနေသည်။

ကွန်ချက်စကီအား စာချုပ်ရန် ဘာမင်ဂမ်နှင့် ဘော်လ်တန် ကြိုးပမ်း

ဖူလ်ဟမ်အသင်း ဘယ်ခံစစ်မှူး ပေါလ်ကွန်ချက်စကီအား စာချုပ်ခေါ်ယူရန် ဘာမင်ဂမ်နှင့် ဘော်လ်တန်တို့ အပြိုင်ကြိုးပမ်းနေကြကြောင်း၊ ကွန်ချက်စကီသည် ဖူလ်ဟမ်အသင်းနှင့် လက်ရှိစာချုပ်သက်တမ်း တစ်နှစ်ခန့် ကျန်ရှိနေသေးကြောင်း ဖော်ပြသည်။

ဇာတိနိုင်ငံအတွက် ဟာရှန်ခန်း ယှဉ်ပြိုင်ထိုးသတ်မည်

ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ဗြိတိသျှလက်ဝှေ့ကျော် အမီရ်ခန်း၏ညီလည်းဖြစ်ပြီး ဗြိတိသျှလက်ဝှေ့အာဏာပိုင်များ၏ လျစ်လျူရှုခြင်းကို ခံနေရသော အသက် ၁၉နှစ်ရှိ ဟာရှန်ခန်းက နေသဟာယလက်ဝှေ့ပြိုင်ပွဲများတွင် ဇာတိနိုင်ငံ ပါကစ္စတန်အတွက်သာ ကိုယ်စားပြုယှဉ်ပြိုင်တော့မည်ဟု ပြောကြားခဲ့သည်။ ။ (အင်တာနက်)

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

နာမည်ကြီး အာဂျင်တီးနားတို့ပါဝင်တဲ့ အုပ်စု(ခ)

➢ စုစည်းရေးသူ - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - နိုင်လွင် (မြန်မာ့အလင်း)

ကိတ်တောင်း မေ ၂၂

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဆင်နွှဲဖို့အတွက် အုပ်စု(၈)အုပ်စု ခွဲထားတဲ့နေရာမှာ အုပ်စု(ခ)မှာတော့ အာဂျင်တီးနား၊ ဂရိ၊ နိုင်ဂျီးရီးယားနဲ့ တောင်ကိုရီးယားအသင်းတွေ ပါဝင်နေပါတယ်။ ဒီအုပ်စုမှာပါဝင်တဲ့ အာဂျင်တီးနားဟာ ဒီကမ္ဘာ့ဖလား ဘောလုံးပွဲမှာ ဗိုလ်စွဲနိုင်တဲ့အသင်းအဖြစ် ရေပန်းစားနေပြီး အုပ်စုအနေအထားကလည်း ပွဲကျပ်သိပ်မရှိတာ တွေ့ရပါတယ်။

အာဂျင်တီးနား

အာဂျင်တီးနားအသင်းဟာ လက်ရှိအချိန်မှာ ဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်မှု ခုနစ်နေရာမှာ ရှိနေပြီး ၁၉၇၈ခုနှစ်နဲ့ ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားပွဲတွေမှာ ဗိုလ်စွဲခဲ့တဲ့ အသင်းလည်းဖြစ်ပါတယ်။ ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲမှာ ဖလားရအောင် ကြိုးစားကစားခဲ့တဲ့ တိုက်စစ်မှူးမာရာဒိုနာဟာ အခုအာဂျင်တီးနား အသင်းရဲ့ နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်နေသူ ဖြစ်ပါတယ်။ အသင်းခေါင်းဆောင်ကတော့ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိထားတဲ့ မက်ဆီဖြစ်ပါတယ်။ လက်ရှိ အာဂျင်တီးနား အသင်းမှာ စိတ်ဝင်စားစွာ စောင့်ကြည့်ရမယ့်ဘောလုံးသမားကလည်း မက်ဆီပဲ ဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းမှာ ဘာစီလိုနာအသင်းတိုက်စစ်မှူး မက်ဆီ၊ အက်သလက်တီကိုမက်ဒရစ်အသင်းမှာ ကစားနေတဲ့ အဂွီရို၊ ဘင်ဖီကာမှာ ကစားနေတဲ့ မာရီယာတို့ကို အခြေပြုပြီး စုစည်းထားတာဖြစ်တာမို့ အင်အားတောင့်တင်းနေပါတယ်။ အာဂျင်တီးနား အသင်းဟာ ၁၉၇၀ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကလွဲပြီး ကျန်တဲ့ကမ္ဘာ့ဖလားပွဲတွေအားလုံး ပါဝင်ဆင်နွှဲနိုင်ခဲ့တဲ့ အသင်းဖြစ်ပြီး ပွဲတိုင်းဗိုလ်စွဲမယ်လို့ နာမည်ကြီးတဲ့ အသင်းလည်း ဖြစ်ခဲ့ပါတယ်။ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အုပ်စု(ခ)မှာတော့ အုပ်စုဗိုလ်အဖြစ် နောက်တစ်ဆင့်တက်ဖို့ သေချာနေတဲ့အသင်းလည်း ဖြစ်ပါတယ်။

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အာဂျင်တီးနား အသင်း ကမ္ဘာ့ဖလား ထပ်မံဆွတ်ခူးနိုင်ရေး မျှော်လင့်လျက် ....။

နိုင်ဂျီးရီးယားအသင်း

အုပ်စု(ခ)မှာ နောက်တစ်ဆင့်တက်ဖို့ နာမည်ကြီးနေတဲ့ အသင်းကတော့ နိုင်ဂျီးရီးယားပဲ ဖြစ်ပါတယ်။ နိုင်ဂျီးရီးယား အသင်းဟာ လက်ရှိအချိန်မှာ ဖီဖာရဲ့ ကမ္ဘာ့အဆင့် သတ်မှတ်ချက် ၂၂ နေရာမှာရှိနေပြီး အမြင့်ဆုံးအောင်မြင်မှုကတော့ ၁၉၉၄ခုနှစ်နဲ့ ၁၉၉၈ ခုနှစ်တွေမှာ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲအထိသာ တက်ရောက်နိုင်ခဲ့တဲ့ မှတ်တမ်းရှိပါတယ်။ အာဖရိကလင်းယုန်တွေလို့ ခေါ်ဝေါ်တဲ့ နိုင်ဂျီးရီးယားအသင်းဟာ ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲနိုင်ဖို့အတွက် နောက်ဆုံးခြေစစ်ပွဲအဖြစ် နိုင်ရိုဘီမြို့မှာ ကင်ညာအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ကစားပြီး ခြေစစ်ပွဲအောင်ခဲ့တာ ဖြစ်ပါတယ်။

နိုင်ဂျီးရီးယားအသင်းကို နည်းပြအဖြစ် တာဝန်ယူထားသူကတော့ ဆောဘူအာမိုဘူဖြစ်ပြီး အသင်းခေါင်းဆောင်အဖြစ် ယာကူဘူကို တာဝန်ပေးထားပါတယ်။ နိုင်ဂျီးရီးယား အသင်းကို ယာကူဘူကပဲဦးဆောင်ပြီး အောင်မြင်မှုတွေရရှိအောင် ကစားသွားမှာဖြစ်ပါတယ်။ နိုင်ဂျီးရီးယားအသင်းမှာ အဲဗာတန်နောက်ခံလူ ယိုဘို၊ ချယ်လ်ဆီးကွင်းလယ် ကစားသမား မီခေးလ်နဲ့ တိုက်စစ်မှူး မာတင်တို့ကို အဓိက ကစားသမားအဖြစ် ပွဲထုတ်သွားမှာ ဖြစ်ပါတယ်။ နိုင်ဂျီးရီးယားအသင်းဟာ ဒီနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ အောင်မြင်မှုမှတ်တမ်းသစ်ရေးထိုးသွားမယ်လို့ ဆုံးဖြတ်ထားတဲ့အသင်းဖြစ်ပါတယ်။

ဂရိအသင်း

အုပ်စု(ခ)မှာ ပြိုင်ဘက်တွေ သတိထားကစားရမယ့်အသင်းကတော့ ဂရိအသင်းပဲ ဖြစ်ပါတယ်။ ဂရိအသင်းဟာ ခြေစွမ်းမတည်ငြိမ်ပေမယ့် ခြေပေါ်ရင် ကစားရခက်တဲ့အသင်းလည်းဖြစ်ပါတယ်။ ဂရိအသင်းဟာ လက်ရှိအခြေအနေမှာ ဖီဖာရဲ့ ကမ္ဘာ့အဆင့် သတ်မှတ်ချက် ၁၂မှာရှိနေပါတယ်။ အခုနောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ခြေစွမ်းထက်မြက်ပြီး နိုင်ပွဲရအောင် ကစားတတ်တဲ့ အသင်း ဖြစ်လာခဲ့ပါတယ်။ ဂရိအသင်းဟာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ သမိုင်းမှာတော့ ၁၉၉၄ခုနှစ်မှာ ပထမအဆင့် အုပ်စုပွဲစဉ်မှာ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့တာဟာ အမြင့်ဆုံးမှတ်တမ်းပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ယူရို ၂၀၀၄မှာလည်း ထူးခြားစွာ ချန်ပီယံ ဖြစ်ခဲ့ပါတယ်။

လေ့ကျင့်မှု

ဂရိအသင်းကို နည်းပြအဖြစ် တာဝန်ယူမယ့်သူကတော့ အော့တိုရက်ဟာဂယ်ဖြစ်ပြီး လေ့ကျင့်မှုတွေ၊ ဖြည့်ဆည်းမှုတွေကို နေ့စဉ်ပြုလုပ်နေပြီဖြစ်ပါတယ်။ ဂရိအသင်း ခေါင်းဆောင်အဖြစ် ကာရာရိုနစ်ကိုရွေးချယ်တာဝန်ပေးထားပြီး လီဗာပူးနောက်ခံလူ ဂိုင်ရာကော့စ်တို့နဲ့အတူ ပြည်တွင်းကစားသမားတွေနဲ့စုစည်းထားတာမို့ တောင့်တင်းတဲ့အသင်းအဖြစ် ပေါ်လွင်လျက်ရှိနေပါတယ်။ အာဂျင်တီးနားနဲ့ နိုင်ဂျီးရီးယားတို့အနေနဲ့ ဂရိအသင်းဟာအလေးထားကစားရမယ့်ပြိုင်ဘက်အဖြစ်သတ်မှတ်ထားရမယ်လို့ အာဂျင်တီးနားအသင်းနည်းပြမာရာဒိုနာက သတိပေးစကားပြောကြားထားပါတယ်။

တောင်ကိုရီးယားအသင်း

အုပ်စု(ခ)မှာပါဝင်တဲ့ တောင်ကိုရီးယားအသင်းဟာ ပထမအဆင့် အုပ်စုပွဲစဉ်ကနေ ကျော်လွှားနိုင်တဲ့ အခြေအနေရှိနေတဲ့ အသင်းဖြစ်ပါတယ်။ နောက်ဆုံးခြေစစ်ပွဲအဖြစ် ယူအေအီး အသင်းကို နှစ်ဂိုးပြတ်နဲ့အနိုင်ယူပြီး ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းလည်းဖြစ်ပါတယ်။ တောင်ကိုရီးယားရဲ့ လက်ရှိ ဖီဖာအဆင့် သတ်မှတ်ချက်က ၅၂ဖြစ်ပေမယ့် ခြေစွမ်းထက်မြက်တဲ့ ဘောလုံးသမားတွေနဲ့ ဖွဲ့စည်းထားတဲ့အသင်းဖြစ်တာမို့ အုပ်စု(ခ)က ပြိုင်ဘက်အသင်းတွေ လျှော့တွက်လို့မရတဲ့ ခြေစွမ်းရှိနေပါတယ်။ တောင်ကိုရီးယားအသင်းဟာ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပတဲ့ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ စတုတ္ထနေရာ ရရှိခဲ့ဖူးတဲ့ အသင်းဖြစ်တာမို့ မှတ်တမ်းကောင်းတဲ့အနေအထား ရှိပါတယ်။

အုပ်စု(ခ)မှ တောင်ကိုရီးယားအသင်း ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အောင်မြင်မှုမှတ်တမ်းသစ် ရေးထိုးနိုင်ပါ့မလား။

တောင်ကိုရီးယားအသင်းခေါင်းဆောင်အဖြစ် မန်ယူကစားသမား ပတ်ဂျီဆန်ကို တာဝန်ပေးထားပါတယ်။ တောင်ကိုရီးယား အသင်းရဲ့ နည်းပြကတော့ ဟူဂျန်မိုဖြစ်ပြီး စည်းစနစ်ရှိတဲ့ နည်းပြတစ်ဦး ဖြစ်ပါတယ်။ တောင်ကိုရီးယားအသင်းမှာတော့ ဆဲလ်တစ်အသင်းမှာကစားနေတဲ့ ကီဆန်ယောင်၊ ဘော်လ်တန်အသင်းမှာ ကစားနေတဲ့ လီချောင်ယောင်နဲ့ မိုနာကိုအသင်းမှာ ကစားနေတဲ့ ပက်ယူယောင်တို့ကို အခြေခံပြီး ပြည်တွင်းကစားသမားတွေနဲ့ စုစည်းထားတဲ့ အသင်းဖြစ်ပါတယ်။ အသင်းခေါင်းဆောင် ပတ်ဂျီဆန်ရဲ့ ဦးဆောင်ကစားမှုနဲ့အတူ တောင်ကိုရီးယားတို့ ၂၀၀၂ခုနှစ်က အောင်မြင်မှုမျိုး ပြန်လည်ရယူဆောင်ကြဉ်းနိုင်ဦးမလားဆိုတာကို စောင့်ကြည့်ကြရမှာပါ။ ။ **(မြန်မာ့အလင်း)**

စာကြည့်တိုက် ပညာဆင့်ပွားသင်တန်း လှိုင်သာယာမြို့နယ်၌ဖွင့်

ရန်ကုန် မေ ၂၂

လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျင်းပသော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို မေ၂၀ရက် နံနက်၉နာရီခွဲက လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက် World Vision Myanmar ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

အခြေခံအိမ်တွင်းမှုသင်တန်း မြဝတီ၌ဖွင့်

မြဝတီ မေ ၂၂

မြဝတီခရိုင် မြဝတီမြို့နယ်အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းအမှတ်စဉ်(၃၉) အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၀ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်မြင့်အေးက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် အသုံးပြုရန်အတွက် မော်တာအပ်ချုပ်စက်တစ်လုံး ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုမြင့် **(အပေါ်ပုံ)**က လက်ခံရယူသည်။ သင်တန်းကာလမှာ ၁၄ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသူ ၃၆ဦး တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့ရေပေးဝေရေး

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့ရေပေးဝေရေးလုပ်ငန်းအတွက် လိုအပ်သည့် ရေဂါလန်၁၅၀၀၀၀ဆံ့ ရေစုကန် တည်ဆောက်မှုကို အငယ်တန်း အင်ဂျင်နီယာ(၂)ဦးလှမျိုး ဦးဆောင်၍ ဆောင်ရွက်လျက်ရှိရာ မေ၁၀ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ချိန်ခါမရွေး
သတိပေး
မီးဘေး
ကင်းဝေးမှာ

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ပုသိမ်ကြီး၌ ဟောပြောဆွေးနွေး

ပုသိမ်ကြီး မေ ၁၈

မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေ၊ ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းတို့သည် ဝန်ထမ်းများနှင့်အတူ မေ ၃ရက် နံနက် ၉ နာရီက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲစေရေး အသိပညာပေးဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဘန့်ကွဲကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှင်းလင်း

ဟောပြောပွဲတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် စံ(၅)ရပ်နှင့်ပြည့်စုံစေရေးတို့ကို ရှင်းလင်းပြောကြားကာ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ ဆက်)**

ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်စာကြည့်တိုက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

ပုဏ္ဏားကျွန်း မေ ၂၀

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာရှိ ကွန်းတောင်စာကြည့်တိုက်၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စာအုပ်စာစောင်များနှင့် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၅ ရက် မွန်းတည့် ၁၂နာရီက အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးလှဘော်သူက အဖွင့်အမှာစကား ပြောကြားသည်။

လှူဒါန်း

ဆက်လက်ပြီး စာကြည့်တိုက်ကော်မတီဝင် ဦးအေးသိန်းကျော်က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် လုပ်ငန်းစဉ်(၅)ရပ်ကို ရှင်းလင်းဆွေးနွေးပြီးနောက် စေတနာရှင်များ လှူဒါန်းထားရှိသော စာအုပ်စာစောင် ၁၂၀ကျော်နှင့် ရန်ပုံငွေကျပ် ၆၄၅၀၀ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှဘော်သူနှင့် ကျေးရွာ(ခေတ္တ)ဥက္ကဋ္ဌ ဦးဦးသန်းထွန်းတို့က ပေးအပ်လှူဒါန်းရာ **(အပေါ်ဝဲပုံ)** စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ဘဏ္ဍာရေးမှူး ဦးမောင်သံတိုင်ကြီးတို့က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ပူတာအိုး၌ ဆေးဝါးမျိုးစုံလှူဒါန်းပွဲကျင်းပ

ပူတာအို မေ ၁၈

ပူတာအို ခရိုင်ဆေးရုံ အစည်းအဝေးခန်းမ၌ ဆေးဝါးမျိုးစုံ လှူဒါန်းပွဲကို မေ ၁၃ ရက် ညနေ ၃နာရီက ကျင်းပရာ အဆိုပါအခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

လက်ခံယူ

အခမ်းအနားတွင် ဆေးဝါးအလှူရှင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မြင်သာ(၁၀)လမ်းနေ ဦးလှအောင်-ဒေါ်ညိုညိုနှင့် မိသားစုက ငွေကျပ်တစ်သိန်းရှစ်သောင်းတန်ဖိုးရှိ ဆေးဝါးမျိုးစုံကိုပေးအပ်လှူဒါန်းရာ ခရိုင်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက လက်ခံယူသည်။

(အပေါ်ပုံ)

ဆွေးနွေးပြောကြား

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်ကျန်းမာရေးကော်မတီဥက္ကဋ္ဌက ပြည်သူများ၏ ကျန်းမာရေး အသိပညာပေးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။

အဆိုပါ ဆေးဝါးမျိုးစုံလှူဒါန်းပွဲ အခမ်းအနားသို့ အလှူရှင် မိသားစုဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်း များ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှု အလှူငွေပေးအပ်ပွဲ တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ ကျင်းပ

ထန်းတပင် မေ ၁၈

တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှု အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၁၀နာရီက သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထက်နိုင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ဆရာဝန်ကြီးတို့က အဖွင့်အမှာစကား ပြောကြားကြပြီး အလှူရှင်များက စုစုပေါင်း ငွေကျပ် ၄၈၇၆၇၀၀ကို လှူဒါန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြပြီး ဒေါက်တာစီစီဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

သုတရတနာစာကြည့်တိုက်

မေ ၁ရက်က ရွှေကျင်မြို့နယ် ကျုံပြင်ကျောက်တန်းကျေးရွာ သုတရတနာစာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးရည်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးမောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁၀) ပဒေသာမြို့သစ်၌ ဧပြီ ၃ရက်က ငါးနှစ်အောက် ကလေးများအား ကျန်းမာရေးဌာနများမှ ဆရာ ဆရာမများနှင့် ရပ်ကွက်၊ ကျေးရွာ လူမှုရေးအသင်းအဖွဲ့များပူးပေါင်းပြီး ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးကြစဉ်။ (ဝ၈၈)

စာအုပ်စာပေ လူ့မိတ်ဆွေ

မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ပျော်ဘွယ်မြို့နယ်၌ ကျင်းပ

ပျော်ဘွယ် မေ ၁၅

(၆၄)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၁ရက်မှ မေ ၅ရက်အထိ မြို့ပေါ်ရှစ်ရပ်ကွက်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ မေ ၄ရက် ညနေ ၄နာရီက မြို့မဈေး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် ပူးပေါင်းပြီး မီးသတ်ယာဉ်၊ စည်ပင်ရေသယ်ယာဉ်များနှင့် မီးငြိမ်းသတ်ခြင်း ဆက်တိုက်ဆောင်ရွက်ခဲ့ပြီး မေ ၅ ရက် နံနက် ၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပသည်။

ဂုဏ်ပြုဆု

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းငွေးကို၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ သင်တန်းများတွင် ဆုရရှိခဲ့သော သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။

ဆောင်ရွက်

ဆက်လက်ပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ရွှေပြည်ရန်အောင်ရပ်ကွက်ရှိ သဘာဝရေကန်အား ကန်တူးဖော်ခြင်း၊ ကန်ပေါင်ဆင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

အုတ်တွင်းမြို့ မြို့သာယာလှပရေးအတွက် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်က သခင်မြလမ်း၊ မဟာစေတီလမ်း၊ ဈေးလမ်းတို့ရှိ ရေပြွန်များ၊ ရေမြောင်းများတူးဖော် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခိုင်ထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

23-5 (15).pmd 1 5/23/2010, 1:59 AM

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂/ကံဘဲ့၊ မြေကွက်အမှတ် ၆၁၊ မြေကွက်တည်နေရာအမှတ် (၅)၊ ဇမ္ဗူရာဇ်လမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်း မောင်လှရီအမည်ပေါက် L မြေငှားဂရန်မြေကို မောင်လှရီအမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၆၉၂/၉၁ (၈-၅-၁၉၉၁)ဖြင့် ပိုင်ဆိုင်သူဦးထွန်းရွှေနှင့်ဇနီးဒေါ်မြင့်မေကွယ်လွန်သဖြင့် ဒေါ်မေဥမ္မာထွန်း ၁၂/ရကန(နိုင်)၀၅၀၆၇၂၊ ဦးကျော်ဇောထွန်း ၁၂/ရကန(နိုင်) ၀၇၂၄၆၇၊ ဒေါ်အေးအေးထွန်း၁၂/ရကန(နိုင်)၀၀၁၆၈၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

မီး

သတိပြု

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၆၃၇၇ Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဥ္စာမိုး MGK-၀၈၃၆၄၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တာချီလိတ်ခရိုင်တရားရုံး
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၂

ဦးအိုက်တီ	**နှင့်**	ဒေါ်နန်းအွေ့
တရားလို		**တရားပြိုင်**

တာချီလိတ်မြို့၊ (၆/၁၉၉)၊ ၁၂လမ်း၊ ဆန်ဆိုင်း(က)နေ ဦးအိုက်တီက (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်နန်းအွေ့အပေါ် မြေအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၀ခုနှစ် ဇွန် ၁ရက် မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် မေ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ထိန်လင်း
ခရိုင်တရားသူကြီး
တာချီလိတ်မြို့။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀၊ မြေကွက်အမှတ် ၅၇၆(က)၊ မြေကွက်တည်နေရာအမှတ်(၅၇၆/က)၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်လေးအမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်လေး ကွယ်လွန်သဖြင့် ဦးနိုင်နိုင်အောင် ၁၂/ဥကတ (နိုင်) ၀၃၀၈၈၃က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်၊ အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်ခန့်ထားရန်)

1. Accountant	male/female	2 post
2. Account clerk	male/female	3 post
3. Sale Promotor	male	6 post
Sale Promotor	female	7 post
4. Sale Assistant	male	5 post
Sale Assistant	female	5 post
5. Cashier	female	2 post
6. Admin clerk	female	3 post
7. Supervisor	male/female	2 post

အမှတ်စဉ်(၁၊၂၊၆၊၇)အတွက် ကုမ္ပဏီလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။

လျှောက်ထားလိုသူသည် မကြာသေးမီက ရိုက်ထားသောကာလာဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ C.V Form၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံချက်တို့နှင့်အတူ Diamond Plus White Gold & Jewellery အမှတ်(၅၀)၊ ဘုန်းကြီးလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်-၇၇၊ ဦးပိုင်အမှတ် ၁၂-(ခဲစင်း)၊ ၁၃လမ်း×၁၄လမ်း၊ ၈၇လမ်း×၈၈လမ်းကြား မမချို၊ မောင်ဘသန်း အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်ကို ဦးမောင်မောင်စိုးပါ-၂ ၉/မနမ(နိုင်)၀၉၁၀၆၆က အမှုတွဲအမှတ် ၀၀၃၁/ဘ(ခွဲ/ပြောင်း) ၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကက/၁၁(CNG)
ကားသန့်ဝယ်လိုသည်
ပိုင်ရှင်ကိုယ်တိုင်
ဆက်သွယ်ပါ
ဖုန်း-၀၉-၅၀၂၂၆၀၂။

တက္ကစီကားကောင်း
ကားသန့်ရောင်းမည်
Familiar Van
ကက/၇၀၀၀ ကျော်
(ပွဲစားမလို)
ဖုန်း-၀၉-၅၀၅၂၀၂၈။



အမည်ပြောင်း

အဖ ဦးဇော်မင်းနိုင်၏သမီး အမက(၃)မူလွန် စတုတ္ထတန်းမှ မလမင်းအိမ်အား ယနေ့မှစ၍ အိမ့်လမင်းဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

ဝါးခယ်မမြို့နယ် နန့်အဲလောင်းကျေးရွာနေ ဦးမြင့်စိုး ၁၄/ဝခမ(နိုင်) ၀၇၅၅၁၆ ၏သား မောင်စည်သူအောင်အား မောင်သီဟအောင်ဆက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သီဟအောင်ဆက်။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၈၅၂၃ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၉/မရတ(နိုင်)၀၁၇၃၀၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၁၈၇

မန်နေဂျာ	**နှင့်**	၁။ ဦးကျော်လွင်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ချိုချိုဝင်း
ကြည့်မြင်တိုင်ဘဏ်ခွဲ။		၃။ ဦးလှအောင်(ခ)ဦးလှဝင်း
တရားလို		**တရားပြိုင်များ**

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ဘိုးဝင်း(၃)လမ်း၊ မ/၄၂ နေ ဦးလှအောင်(ခ)ဦးလှဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဘဏ်က တရားမကျင့်ထုံးဥပဒေအမိန့်-၃၄၊ နည်းဥပဒေ-၁ အရ အပေါင်ပစ္စည်းရောင်းချလိုမှု (အပေါင်ဒီကရီရလိုမှု) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၀ခုနှစ် မေ ၃၁ရက် (၁၃၇၂ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် မေ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းသိန်း (တ/၁၇၂၇)၊ ဒုတိယခရိုင်တရားသူကြီး(၆)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ရတနာသိယ် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ရွှေဘို၌ကျင်းပ

ရွှေဘို မေ ၂၀

ရတနာသိယ် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဧပြီ ၁၀ရက် နံနက် ၁၀နာရီက ရွှေဘိုမြို့ ရန်ကြီးအောင်အားကစားခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

ရှေးဦးစွာ ဗိုလ်လုပွဲကျင်းပရာ အမှတ်(၈)ရပ်ကွက်အသင်းက အမှတ်(၂)ရပ်ကွက်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တစ်ဦးချင်းဆုများကို တာဝန်ရှိသူများကလည်းကောင်း၊ ဒုတိယငွေသားဆုကျပ်တစ်သိန်းငါးသောင်းကို ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်မြင့်ကလည်းကောင်း၊ ပထမငွေသားဆု ကျပ်နှစ်သိန်းငါးသောင်းနှင့် တံခွန်စိုက်ဆုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဦးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)

မြို့သန့်ရှင်းရေး

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပမှုရှိစေရေးအတွက် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်းစည်ပင် ပန်းအလှပင်များ အစားထိုးပြုပြင်

မိုးညှင်း မေ ၁၅

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မိုးညှင်းမြို့စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ပန်းအလှပင်များ အစားထိုးပြုပြင်ခြင်း၊ အရိပ်ရပင်များစိုက်ပျိုးခြင်းနှင့် ရေလောင်းပေါင်းသင်ခြင်းများကို မေ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။ *(မြို့နယ်စည်ပင်)*

ရေပေးရေးလုပ်ငန်း

မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာ စည်ပင်သာယာဈေး သန့်ရှင်းရေး၊ မီးဘေးလုံခြုံရေး၊ ရေပေးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို ဤသို့ ထူးခြားသောဒီဇိုင်းဖြင့် မြင်တွေ့ရသည်။

အာကာသရေးရာပညာရှင်များ မွေးထုတ်ပေးနေသော မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် မေ ၂၂

ဒီဇိုင်းပုံစံ ထူးခြားစွာတည်ဆောက်ထားသော အဆောက်အအုံ။ ထုထည်ခိုင်ခံ့ကြီးမားစွာဖြင့် ထည်ထည်ဝါဝါ တည်ရှိနေသည်။ အဆောက်အအုံ၏ ပုံသဏ္ဌာန်ဒီဇိုင်းက အဝေးမှပင် လှမ်းမြင်ရသည်ဖြစ်ရာ စိတ်ဝင်စားစရာပင်ဖြစ်သည်။ အဆောက်အအုံ၏ အဝင်လမ်း၌ ပြုလုပ်ထားသည့် ဆိုင်းဘုတ်ကို ဖတ်ကြည့်လိုက်ရာ **မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်**....ဟူ၍။

စာမျက်နှာ ၇ ကော်လံ ၁ ✳

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

နှလုံးရောဂါဝေဒနာရှင်များ အပျော်အပါးလိုက်စားမှု ဆင်ခြင်သတိပြု

ကောင်းမြတ်သူ - ရေးသားသည်

ဝါရှင်တန် မေ ၂၂



နှလုံးရောဂါ ခံစားနေကြရသော ဝေဒနာရှင်များအနေဖြင့် အပျော်အပါးလိုက်စားမှုကို လျှော့ချသင့်ကြောင်း၊ အသက်အန္တရာယ်ရှိကြောင်း အမေရိကန်သုတေသီများက သတိပေးထားသည်။

ရှောင်ရှား

ဆရာဝန်များက အပျော်အပါးလိုက်စားမှုကို ရှောင်ရှားရန် နှလုံးရောဂါဝေဒနာရှင်များအား ပြောကြားဆွေးနွေးခြင်း မရှိလင့်ကစား ရှောင်ကြဉ်သင့်ကြောင်း အမေရိကန်သုတေသီများက အမေရိကန်နှလုံးရောဂါအသင်း အစည်းအဝေး၌ ထုတ်ဖော်ပြောကြားလိုက်သည်။

စာမျက်နှာ ၇ ကော်လံ ၅ ●

ကုန်းတွင်းမုန်တိုင်းငယ် အားပျော့ လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိ

နေပြည်တော် မေ ၂၂

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့အနီး၌ တည်ရှိခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် အားပျော့ကာ လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

23-5 (20).pmd 1 5/23/2010, 1:59 AM